# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၃၈)


# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့်သဝဏ်လွှာ

ယနေ့သည် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၅ ရက်နေ့က ဗမာ့အသံ (Burma Broadcasting Service – BBS) အမည်ဖြင့် စတင်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏(၇၅)နှစ်မြောက် စိန်ရတုနေ့ဖြစ်ပါသည်။ လူ့ဘဝသက်တမ်းနှင့် ပြန်လည်ဆန်းစစ်ကြည့်ပါက ၇၅ နှစ်ဆိုသော အရွယ်သည် ဆယ်စုနှစ်ပေါင်းများစွာကိုဖြတ်ကျော်ကာ အခက်အခဲ၊ စိန်ခေါ်မှု၊ ပြောင်းလဲတိုးတက်မှု စသည့်အတွေ့အကြုံ ဗဟုသုတများစွာ ကြွယ်ဝနေပြီဖြစ်ပါသည်။

“ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်”ဟူသော ဆောင်ပုဒ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူလူထု၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် အခြားပရိသတ်များအတွက် အသိပညာ ဗဟုသုတ၊ အကြားအမြင်နှင့် သတင်းတို့ကို ခေတ်အဆက်ဆက် ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည်


*စာမျက်နှာ ၅ ကော်လံ ၁* ◆


# တနင်္သာရီမြို့နယ် ဗောဓိကမ်းတံတားသစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ၈၄ ရာခိုင်နှုန်းပြီးစီး



တနင်္သာရီမြို့နယ်ရှိ ကျေးရွာအုပ်စုများသို့ ဆက်သွယ်ပေးမည့် ချောင်းငယ်မြစ်ကူး ဗောဓိကမ်းတံတား တည်ဆောက်ရေးစီမံကိန်းကို တွေ့ရစဉ်။

**တနင်္သာရီ ဖေဖော်ဝါရီ ၁၄**

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နှင့် ဗောဓိကမ်းကျေးရွာ ဘက်ခြမ်းရှိ ကျေးရွာအုပ်စုများသို့ ဆက်သွယ်ပေးမည့် ချောင်းငယ်မြစ်ကူး ဗောဓိကမ်းတံတား တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့(၄)က ၂၀၁၈ ခုနှစ် မေ ၁ ရက်နေ့မှစ၍ တာဝန်ယူ တည်ဆောက်လျက်ရှိရာ ယနေ့အချိန် အထိ တံတားတစ်စင်းလုံး၏ ၈၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး မတ် ၃၁ ရက်တွင် အပြီးသတ် ပြီးစီး နိုင်မည်ဖြစ်ကြောင်း တံတား တည်ဆောက်ရေးအဖွဲ့(၄)မှ လက်ထောက်ညွှန်ကြားရေး မှူး ဦးဝင်းအောင်ထံမှ သိရသည်။


*စာမျက်နှာ ၇ ကော်လံ ၁* ❄





မြန်မာ့အလင်း

# ဝန်ထမ်းနှင့် ကျင့်ဝတ်

ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကောင်အထည်ဖော်ကြရသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့်အလျောက် အရည်အသွေးမြင့်မားသောဝန်ထမ်းများ ဖြစ်ကြစေဖို့လိုသည်။ လုပ်ငန်းကျွမ်းကျင်၍ တာဝန်ကျေပွန်သူ၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသူ၊ ကျင့်ဝတ်များကို စောင့်ထိန်း၍ ကိုယ်ကျင့်တရား ကောင်းမွန်သူများဖြစ်လာအောင် ဝန်ထမ်းအဖွဲ့အစည်းများအတွင်း ပြုစုပျိုးထောင်လေ့ကျင့်မှုတို့ မဖြစ်မနေ လိုအပ်သည်။

နိုင်ငံ၏ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်တွင် ဖွဲ့စည်းပုံပါရာထူးတစ်ရပ်ရပ်ကို ရရှိလာသည့် ဝန်ထမ်းတစ်ဦးအဖို့ ထမ်းဆောင်ရမည့် တာဝန်များနှင့်အတူ ခံစားခွင့် အခွင့်အရေးများလည်းရှိသည်။ လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များ၊ ချီးမြှင့်ငွေများ စသည်တို့ကို နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ခံစားခွင့်၊ ခွင့်ရက်များ ခံစားခွင့်၊ ထူးချွန်မှုစွမ်းစွမ်းတမံ ဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းတို့ကို ခံစားခွင့်၊ ပင်စင်ခံစားခွင့် စသည်တို့ရှိသည်။ ဝန်ထမ်း အဖွဲ့အစည်းအလိုက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရပြီး ကျင့်ဝတ်များကိုလည်း စောင့်ထိန်းကြရသည်။

နိုင်ငံ့ဝန်ထမ်းသည် - နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိမိအားပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေအရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင် စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ပါတီနိုင်ငံရေး ကင်းရှင်းခြင်း၊ ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းများကို တက်ရောက်ခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြည်သူကိုရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်းတို့ကို လိုက်နာရမည့်တာဝန်များအဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းကျင့်ဝတ် (၂၀၁၇) ခုနှစ် စာစောင်တွင် ဖော်ပြထားသည်။

အထက်တွင် ဖော်ပြခဲ့သည့် အချက်များသည် နိုင်ငံ့ဝန်ထမ်းတို့ စောင့်ထိန်း ကြရသည့် ကျင့်ဝတ်များပင်ဖြစ်ပြီး လုပ်ငန်းတာဝန်ကျေပွန်၊ စည်းကမ်းကောင်းမွန်ပြီး ကျင့်ဝတ်စောင့်ထိန်းကြသည်နှင့်အမျှ နိုင်ငံ့ဝန်ထမ်းတို့၏ ဂုဏ်ရည်များသည်လည်း မြင့်မားလာရသည်။

အခြားတစ်ဖက်တွင်လည်း ဝန်ထမ်းများသည် ပြည်သူများထဲမှ ပြည်သူပင်ဖြစ်သည့်အတွက် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာကြရန်လည်း တာဝန်ရှိသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့် ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာကြရသလို နိုင်ငံသူ နိုင်ငံသားပြည်သူတစ်ဦးအနေဖြင့်လည်း နိုင်ငံတော်၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာကြရခြင်းပင် ဖြစ်ပါကြောင်း။ ။

# စစ်တွေမြို့ အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်ရှိ ဝိဇယသုခကာရီ သိမ်တော်ကြီးအား အသစ်ပြန်လည်မွမ်းမံခြင်း ရေစက်ချမင်္ဂလာပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄



ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့် ကျောင်းတိုက်ရှိ ဝိဇယသုခကာရီ သိမ်တော်ကြီးအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လှူဒါန်းမှုဖြင့် အသစ်ပြန်လည်မွမ်းမံ ရေစက်ချ မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ပြုလုပ်သည်။ (ယာပုံ)

ရှေးဦးစွာ အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့် ဆရာတော်ဘဒ္ဒန္တပညာဇောတ၊ တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက ဝိဇယသုခကာရီ သိမ်တော်ကြီး ကမ္ပည်းစာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝိဇယသုခကာရီ သိမ်တော်ကြီးအား ရေစက်ချမင်္ဂလာပြုလုပ်ကာ အလိုတော်ပြည့်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဝိဇယသုခကာရီသိမ်တော်ကြီး အသစ် ပြန်လည်မွမ်းမံရန်အတွက် အလှူငွေကျပ်သိန်း ၄၀ ကို ဂေါပကအဖွဲ့ထံပေးအပ်လှူဒါန်းပြီး သံဃာတော်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများ ရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် အောက်ပါ ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့်e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

# ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၅ / ၂၀၂၁)**
**ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရာဇသတ်ကြီးပုဒ်မ ၁၂၁ ကို အောက်ပါအတိုင်းအစားထိုးရမည်–

"121. Whoever wages war against the Union of Myanmar or any constituent unit thereof, or assists any State or person or incites or conspires with any person within or without the Union to wage war against the Union or any constituent unit thereof, or attempts or prepares to alter unconstitutional means or any other means or otherwise prepares by force of arms or other violent means to overthrow the organs of the Union or of its constituent units established by the Constitution, or takes part or is concerned in or incites or conspires with any person within or without the Union to make or to take part or be concerned in any such attempt shall be guilty of the offence of High Treason."

၄။ ရာဇသတ်ကြီး ပုဒ်မ ၁၂၄–က ကို အောက်ပါအတိုင်းအစားထိုးရမည်–

"124 A. Whoever by words, either spoken or written, or by signs, or by visible representation, or otherwise, bring or attempts to bring into hatred or contempt, or excites or attempts to excite disaffection towards the Government established by law for the Union or for the constituent units or the Defence Services or Defence Services Personnel shall be punished with imprisonment which may extend to twenty years with fine or with imprisonment which may extend to seven years with fine or fine."

၅။ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ခ ၏နောက်တွင် ပုဒ်မ ၁၂၄–ဂ နှင့် ပုဒ်မ ၁၂၄–ဃ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

**"sabotage or hinder the performance of the Defence Services of the Union or law enforcement organizations**

124 C. Whoever intends or causes to sabotage or to hinder the success of performance of the Defence Services and law enforcement organizations who are engaged in preserving the stability of the State, shall be punished with imprisonment for a term of twenty years, to which fine may be added, or with imprisonment which may extend to twenty years with fine or with imprisonment which may extend to ten years with fine or fine."

**disrupts or hinders Defence Services and Government employees**

124 D. Whoever causes or hinders the Defence Services personnel and Government employees towards the Government, disrupts or hinders by any means, those who are carrying out their duties, such a person shall be punished with imprisonment which may extend to seven years or with fine or with both."

၆။ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ တွင် –

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(a) whoever with intent to cause, or which is likely to cause, a member of the Defence Services or government employees to deprive affect, hinder, disturb, damage the motivation, discpline, health, conduct upon Government or the Defence Services and the duty of government employees or members of defence services to bring into the hatred, disobedience , disloyatily;

(ခ) ပုဒ်မခွဲ(က)၊ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့အား ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မခွဲ(ဃ) အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

၇။ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ၏နောက်တွင် ပုဒ်မ ၅၀၅–က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**"cause fear, spread false news, agitate directly or indirectly criminal offence againsts a Government employee**

505 A.Whoever–

(a) causes or intends to cause fear to a group of citizens or to the public ,

(b) causes or intends to spread false news, knowing or believing that it is untrue,

(c) causes or intends to commit or to agitate directly or indirectly criminal offence againsts a Government employee, any kind of Government employees or Government employees;

**Such a person shall be punished with imprisonment which may extend to three years or with fine or with both."**

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၆ / ၂၀၂၁)**
**ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား(၂)တွင် –

(က) ရာဇသတ်ကြီးပုဒ်မ ၁၂၄–ဂ အတွက် စာတိုင်(၂)တွင် "sabotage or hinder the performance of the Defence Services of the Union or Law Enforcement agencies"၊ စာတိုင်(၃)တွင် "Shall not arrest without warrant"၊ စာတိုင်(၄) တွင် "warrant"၊ စာတိုင်(၅)တွင် "Not bailable"၊ စာတိုင်(၆)တွင် "Not compoundable"၊ စာတိုင် (၇)တွင်"imprisonment for a term of twenty years, to wich fine may be added, or with imprisonment which may extend to ten years, to which fine may be added, or with fine." ဖြင့် အသီးသီးဖြည့်စွက်ရမည်။

(ခ) ရာဇသတ်ကြီးပုဒ်မ ၁၂၄–ဃ အတွက် စာတိုင်(၂)တွင် "disrupts or hinders Defence Services personnel and Government employees"၊ စာတိုင်(၃)တွင် "Shall not arrest without warrant"၊ စာတိုင်(၄) တွင် "warrant"၊ စာတိုင်(၅)တွင် "Not bailable"၊ စာတိုင်(၆)တွင် "Not compoundable"၊ စာတိုင်(၇)တွင် "imprisonment which may extend to seven years, to which fine may be added, or with fine."ဖြင့် အသီးသီး ဖြည့်စွက်ရမည်။

(ဂ) ရာဇသတ်ကြီးပုဒ်မ ၅၀၅–က အတွက် စာတိုင်(၂)တွင် "cause fear, spread false news, agitate directly or indirectly criminal offence againsts a Government employee"၊စာတိုင်(၃)တွင် "May arrest without warrant"၊ စာတိုင်(၇)တွင် "imprisonment which may extend to three years, to which fine may be added, or with fine."ဖြင့် အသီးသီး ဖြည့်စွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်နှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၂ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး နေပြည်တော်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။

ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။

မိုး/ဇလ

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ( ၆၄ / ၂၀၂၁)**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပြည်သူလူထုထံ ပန်ကြားချက်

ပြည်သူများ၏ နေ့စဉ်စားဝတ်နေရေးနှင့် စီးပွားရေးလုပ်ငန်းဆောင်တာများ အဆင်ပြေစေရန် ဘဏ်များက နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိကြပါသည်။ ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ခြင်းသည် နိုင်ငံစီးပွားရေး၏ အဓိကအခြေခံလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံအတွင်း ဘဏ်လုပ်ငန်းများ စနစ်တကျဖြင့် အခြေခံခိုင်မာစွာ ပုံမှန်လည်ပတ်နိုင်စေရန် ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုကလည်း နိုင်ငံ၏စီးပွားရေးတည်ငြိမ်မှုကို ရှေးရှုပြီး ဘဏ်များ ပုံမှန်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း ၁ နှင့် အပိုင်း ၄ တို့ကို ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို Modular Trailer များဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်ကောင်စီနယ်မြေသို့ ပို့ဆောင်လျက်ရှိရာ ဒုတိယအကြိမ်အဖြစ် ပလ္လင်တော်အပိုင်း ၁ နှင့် အပိုင်း ၄ တို့ကို ဇန်နဝါရီ ၉ ရက်တွင် ဆီမီးခုံ ဆိပ်ကမ်းမှ ပင့်ဆောင် ပူဇော်ခဲ့ရာ တည်ထားကိုးကွယ်မည့် မင်္ဂလာနေရာသို့ ယနေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။**



### ဧည့်သည်တော်များ တက်ရောက်

အဆိုပါ ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း ၁ နှင့် အပိုင်း ၄ အစိတ်အပိုင်းများအား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### သံပြိုင် ညီညာစွာ ရွတ်ဆို

ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော် အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့က မေတ္တာပို့ ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ မေတ္တာပြုတော်မူသည်။ ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ် အပေါင်းတို့က ရတနသုတ္တယ ပူဇာဂါထာ၊ ဘုရားဂုဏ်တော် ၉ ပါး၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်နှင့် မေတ္တာပို့ လင်္ကာများကို သံပြိုင် ညီညာစွာ ရွတ်ဆို ပူဇော်ကြသည်။

### ဆက်လက်ပင့်ဆောင်ကြ

ဆက်လက်၍ ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း ၁ နှင့် အပိုင်း ၄ တို့ကို ဒက္ခိဏသီရိ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးဆောင်၍ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများ၊ ဘုရား ဒါယကာများက အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြပြီး **(အပေါ်ပုံ)** ဇယမင်္ဂလာအောင် ဂါထာတော်များကို ရွတ်ဆို ပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း ၁ နှင့် အပိုင်း ၄ တို့ကို အပူဇော်ခံမည့်နေရာသို့ ဆက်လက်ပင့်ဆောင်ကြသည်။

### ပင့်ဆောင် ပူဇော်သွားမည်

ယနေ့ကြိုဆို ပင့်ဆောင်သည့် ဘူမိဖဿမုဒြာ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း ၁ မှာ အလေးချိန် ၆၅၅ တန် နှင့် အပိုင်း ၄ မှာ အလေးချိန် တန် ၆၇၀ ရှိပြီး ဒုတိယအကြိမ်အဖြစ် ကြိုဆိုပင့်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို ဆက်လက်ပင့်ဆောင်ပူဇော်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# စိတ်ခံစားချက်များကို ဦးစားမပေးဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့ရဲ့လုပ်ငန်းခွင်များကို အမြန်ဆုံးဝင်ရောက်သွားကြဖို့ မေတ္တာရပ်ခံလို

ဒီနေ့အချိန်ကာလမှာ နိုင်ငံ့ဝန်ထမ်းအချို့ဟာ မသမာသူ အချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မိမိတို့ရဲ့လုပ်ငန်းခွင်တာဝန်များမှာ ပျက်ကွက်နေကြပါတယ်။ နိုင်ငံတော် နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထား၊ တန်ဖိုးထားပြီး လုပ်ငန်းခွင်မှာ အခက်အခဲများကြားက တာဝန်ထမ်းဆောင်နေကြတဲ့သူတွေကိုလည်း မသမာသူတွေက နည်းအမျိုးမျိုး အသုံးပြုပြီး နှောင့်ယှက်တားဆီးနေတာ တွေ့ရပါတယ်။ ကျွန်တော် မနေ့က ကြေညာချက်ထုတ်ပြန်တားဆီးတာတွေ၊ တိုက်တွန်းတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ထိထိရောက်ရောက်ဖြစ်စေဖို့ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ပြည်သူလူထုအပေါ်မှာ စေတနာထား တာဝန်ကျေပွန်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ မိမိတို့တာဝန်ကို စိတ်အေးချမ်းသာစွာ ဆက်လက်ဆောင်ရွက်နိုင်ရေး လိုအပ်တာတွေလည်း ဆောင်ရွက်ပေးပါမယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထားပြီး သစ္စာရှိရှိ နိုင်ငံ့တာဝန်များ ထမ်းဆောင်နေ ကြတဲ့ နိုင်ငံ့ဝန်ထမ်းများ အားလုံးကို လည်း အထူးကျေးဇူး တင်ရှိပါတယ်။ လုပ်ငန်းခွင်နဲ့ ကင်းကွာနေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့လည်း မိမိတို့ရဲ့ စိတ်ခံစားချက်များကို ဦးစားမပေးဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့ရဲ့လုပ်ငန်းခွင်များကို အမြန်ဆုံးဝင်ရောက်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၁-၂-၂၀၂၂ ရက်နေ့ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

◆ *ရှေ့ဖုံးမှ*

> "မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် အခါသမယတွင်လည်း စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်ပြုလုပ်ပြီး MRTV ၏ အောင်မြင်မှုများကို မှတ်တမ်းတင် ဂုဏ်ပြုတင်ဆက်ခဲ့ပါသည်။ MRTV၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် မြန်မာ့အသံရေဒီယိုကလည်း "Myanmar Radio" အမည်ဖြင့် အင်္ဂလိပ်ဘာသာ သီးသန့် FM Channel အသစ်တစ်ခုကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ကနဦးနားဆင်နိုင်ရန်ဆောင်ရွက်ခဲ့ပြီး MRTV ရုပ်သံလိုင်းအစီအစဉ်တွင်လည်း အင်္ဂလိပ်ဘာသာဖြင့် သတင်း အစီအစဉ်ကို စတင်ထည့်သွင်း ထုတ်လွှင့်သွားတော့မည်ဖြစ်"

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအကြား၌သာမက ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံး၌ အမြဲတည်ရှိနေမည်ဖြစ်ပါသည်။

မြန်မာ့အသံလွှင့်လုပ်ငန်းများကို ၁၉၃၆-၁၉၃၇ ခုနှစ်တွင် စတင်စမ်းသပ်အသံလွှင့်ခဲ့သည်ဆိုသော်လည်း လွတ်လပ်သော အမျိုးသားအသံလွှင့်ဌာနတစ်ခု မဟုတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၁၉၄၅ ခုနှစ်၊ မတ်လဆန်း၌မူ ရန်ကုန်မြို့၌ မြန်မာ့တော်လှန်ရေး တပ်မတော်အသံလွှင့်ဌာန ထူထောင်ကာ လွတ်လပ်သော အမျိုးသားအသံလွှင့်ဌာနတစ်ခုကို အစပျိုးခဲ့ပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ခေတ်အဆက်ဆက်တွင် အမျိုးမျိုးသော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားကာ ခေတ်မီနည်းပညာများကို အသုံးပြုပြီး ကမ္ဘာနှင့်အညီ ရင်ပေါင်တန်းနိုင်ရေး ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများကို ဆန်းသစ်သော အမြင်သစ်၊ အသွင်သဏ္ဌာန်သစ်များဖြင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ အသံလွှင့်လုပ်ငန်း "ရန်ကုန်ရေဒီယို" (Rangoon Radio)ကို "ဗမာ့အသံ"(Burma Broadcasting Service – BBS)ဟူ၍ ပြောင်းလဲခေါ်တွင်လာခဲ့ချိန်မှစ၍ ပြည်သူလူထုအတွက် အစီအစဉ်ကဏ္ဍအသစ်များကို တီထွင်ထုတ်လွှင့်ခဲ့ပါသည်။ ဝင်ဒါမီယာ "ဗမာ့အသံ"၊ အိမ်စောင့်အစိုးရလက်ထက်တွင် ပြည်လမ်း အသံလွှင့်ရုံသစ်ကြီးကို ပြောင်းရွှေ့ထုတ်လွှင့်ခဲ့သည့် "မြန်မာ့အသံ"၊ တော်လှန်ရေးအစိုးရခေတ်နှင့် လမ်းစဉ်ပါတီခေတ်များတွင် "မြန်မာ့အသံ"နှင့် ၁၉၇၂ ခုနှစ်တွင်"ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန"၊ တပ်မတော်အစိုးရခေတ် ၁၉၉၁ခုနှစ်တွင် "မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန"၊ ၁၉၉၇ ခုနှစ်တွင် "မြန်မာ့အသံနှင့်ရုပ်မြင်သံကြား" အမည်များဖြင့် ပြည်သူအတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်ရွယ်ချက်များဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် အခါသမယတွင်လည်း စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်ပြုလုပ်ပြီး MRTV ၏ အောင်မြင်မှုများကို မှတ်တမ်းတင် ဂုဏ်ပြုတင်ဆက်ခဲ့ပါသည်။ MRTV၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် မြန်မာ့အသံရေဒီယိုကလည်း "Myanmar Radio" အမည်ဖြင့် အင်္ဂလိပ်ဘာသာ သီးသန့် FM Channel အသစ်တစ်ခုကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ကနဦးနားဆင်နိုင်ရန်ဆောင်ရွက်ခဲ့ပြီး MRTV ရုပ်သံလိုင်းအစီအစဉ်တွင်လည်း အင်္ဂလိပ်ဘာသာဖြင့် သတင်း အစီအစဉ်ကို စတင်ထည့်သွင်း ထုတ်လွှင့်သွားတော့မည်ဖြစ်ပါသည်။

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်၌လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူလူထုသို့ ရည်ရွယ်ချက်များအတိုင်း အရှိန်အဟုန်မပျက် အောင်မြင်စွာဆက်လက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့အနေဖြင့်လည်း ပြည်သူ့ဆက်ဆံရေးတာဝန်၊ ပြန်ကြားရေးတာဝန်များနှင့် မီဒီယာလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် (၇၅)နှစ်မြောက် စိန်ရတုနေ့မှသည် နိုင်ငံတော်အတွက် ထာဝရရှိနေမည့် နိုင်ငံတော်က အားထားရသော၊ ပြည်သူကအားကိုးရသော စတုတ္ထမဏ္ဍိုင်ဖြစ်ပါစေကြောင်း သဝဏ်လွှာပါး အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

❊ *ကျောဖုံးမှ*

*ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစု စီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပြည်သူ့အကျိုးစီးပွား ဦးတည်ထား၊ နိုင်ငံ့ဝန်ထမ်းများ

မောင်မောင်ဟိန်း

နိုင်ငံ့ဝန်ထမ်းအားလုံးသည် ပြည်သူများ၏ အကျိုးစီးပွားကို ဦးတည်ပြီး ထမ်းဆောင်ရမည့် တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့်ကျင့်ဝတ်တို့ကို မပျက်မကွက် လိုက်နာစောင့်ထိန်းရမည် ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်က အတည်ပြုဖွဲ့စည်းခွင့်ပြုထားသော ဌာနဆိုင်ရာ အဖွဲ့အစည်းတစ်ခု၏ တီထွင်ထားသည့် ရာထူးနေရာတစ်ခုခုတွင် အမြဲတမ်းခန့်အပ်ခြင်းခံရပြီး နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းမှ လစာ၊ စရိတ်ခံစားသူကို ဆိုလိုပါသည်။ နိုင်ငံရေးအရ ခန့်အပ်သော ဒုတိယဝန်ကြီး၊ ဝန်ကြီးအဆင့်များကို နိုင်ငံ့ဝန်ထမ်းဟု မသတ်မှတ်ဘဲ ပြည်သူ့ဝန်ထမ်းဟု သတ်မှတ်ထားရှိပါသည်။

တာဝန်ထမ်းဆောင်မှုအပေါ် မူတည်ပြီး ဝန်ထမ်းမှုဆိုင်ရာ ခံစားခွင့်များကိုလည်း ခံစားခွင့်ပြုထားပြီး ဖြစ်ပါသည်။ ဝန်ထမ်းသည် နိုင်ငံ့တာဝန်ထမ်းဆောင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများအရ တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ အလုပ်တည်မြဲခွင့်၊ ရာထူး၏လစာခံစားခွင့်၊ နှစ်တိုးခံစားခွင့်၊ အချိန်မစေ့မီ နှစ်တိုးခံစားခွင့်၊ ရာထူးတိုးမြှင့်ခြင်း ခံစားခွင့်၊ ဆေးဝါးကုသမှုခံယူခွင့်၊ ပညာလေ့လာဆည်းပူးသင်ယူခွင့်၊ ခွင့်ခံစားခွင့်၊ ဒေသစရိတ်ခံစားခွင့်၊ ခရီးစရိတ်နှင့် ဉာဏ်ပူဇော်ခနှင့် အခကြေးငွေစသည်တို့ကို သတ်မှတ်လုပ်ထုံး လုပ်နည်းနှင့်အညီ ခံစားခွင့်ရရှိပါသည်။

**ပါတီနိုင်ငံရေး ကင်းရှင်းရန် အထူးလိုအပ်**

တာဝန်ထမ်းဆောင်မှုကို အကြောင်းပြုပြီး ဝန်ထမ်းမှုဆိုင်ရာ ခံစားခွင့်များကို ရယူခံစားနေသည့် ဝန်ထမ်းသည် ထမ်းဆောင်ရမည့် တာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်ကြရပေမည်။ ထိုနည်းတူ လိုက်နာရမည့် စည်းကမ်းများကိုလည်း နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပြီး ဝန်ထမ်းကျင့်ဝတ်များကိုလည်း အထူးအလေးထား စောင့်ထိန်းကြရပေမည်။ ဌာနဆိုင်ရာအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းရန် အထူးလိုအပ်ပါသည်။ ပါတီနိုင်ငံရေးကင်းရှင်းမှု မရှိပါက ဝန်ထမ်းအချင်းချင်း ပါတီစွဲ၊ ဝါဒစွဲများဖြင့် ဆက်ဆံနေကြလျှင် ပူးပေါင်းဆောင်ရွက်၍ ရမည်မဟုတ်သဖြင့် မူလတာဝန်များ အောင်မြင်ပေါက်မြောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိမည် မဟုတ်ပေ။ ဝန်ထမ်းအချင်းချင်းကြားတွင် နိုင်ငံရေးပါတီဝင်များ တူရာတူရာ စုပေါင်းအုပ်စုဖွဲ့ပြီး ဆောင်ရွက်သည်များ ရှိလာပါက ဝန်ထမ်းအဖွဲ့အစည်း ပျက်ယွင်းနိုင်ပြီး နိုင်ငံတော်၏ ယန္တရားလည်ပတ်မှုကို များစွာ ထိခိုက်နစ်နာစေမည် ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) တွင် **“နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်”** ဟု ပြဋ္ဌာန်းထားရှိပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၄) တာဝန်နှင့် အခွင့်အရေးများတွင် ပါဝင်သော တာဝန်များ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဆ)တွင် **“ပါတီနိုင်ငံရေးကင်းရှင်းခြင်း”** ကို တာဝန်တစ်ရပ်အနေဖြင့် လိုက်နာရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ထို့အတူ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းထားရှိသည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိခြင်း ဖော်ပြချက်တွင် ပုဒ်မ ၁၂၁၊ ပုဒ်မခွဲ(ည)အရ နိုင်ငံ့ဝန်ထမ်းများ ပါရှိပါသည်။ ဆိုလိုသည်မှာ နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေး ဆောင်ရွက်ခွင့်မရှိကြောင်း တိတိကျကျ ပြဋ္ဌာန်းထားရှိခြင်းပင် ဖြစ်ပါသည်။

> ❒ **ပါတီနိုင်ငံရေးကိစ္စ ကင်းရှင်းမှသာ ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံ့ဝန်ထမ်းများသည် ပါတီစွဲ၊ မူဝါဒစွဲကင်းပြီး မိမိတို့လုပ်ငန်းတာဝန်များကို ဘက်လိုက်မှုကင်းစွာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်သဖြင့် ဝန်ထမ်းများအတွက် ပါတီနိုင်ငံရေးကင်းရှင်းရန် ဝန်ထမ်းကျင့်ဝတ်စာစောင် (၂၀၁၄ ခုနှစ်)တွင် စည်းကမ်းသတ်မှတ်ချက်များဖော်ပြထားရှိပြီး ဖြစ်ပါသည်။ စည်းကမ်းအချို့ကို ဖော်ပြရလျှင် မည်သည့်ပါတီနိုင်ငံရေးကိုမျှ မလုပ်ရပါ။ မည်သည့်ပါတီ နိုင်ငံရေးအဖွဲ့အစည်းတွင်မျှ မပါဝင်ရပါ။ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းထားခြင်းမဟုတ်သည့် အသင်းအဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂစသည်တို့တွင် မပါဝင်ရပါ။ မည်သည့်ရွေးကောက်ပွဲတွင်မဆို မဲဆွယ်ခြင်း၊ အကူအညီပေးခြင်းများ မပြုလုပ်ရပါ။ ရုံးတွင်း ရုံးပြင်၌ ပါတီနိုင်ငံရေးနှင့် စပ်လျဉ်း၍ စည်းရုံးခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်းများ မပြုလုပ်ရပါဆိုသော စည်းကမ်းချက်များကို နိုင်ငံ့ဝန်ထမ်းများ အထူးလိုက်နာကြဖို့ လိုအပ်ပါသည်**

နိုင်ငံ့ဝန်ထမ်းနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများပြုစုခြင်း၊ အရာထမ်းအဆင့် ဝင်ပေါက်ရာထူးရွေးချယ်ပေးခြင်းများ၊ ရာထူးအဆင့်ဆင့်နှင့် လျော်ညီသော သင်တန်းများ ဖွင့်လှစ်ပေးခြင်းများ၊ ဝန်ထမ်းမှုဆိုင်ရာများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးရာတွင် အရည်အချင်း သတ်မှတ်ချက်မှာ နိုင်ငံရေးပါတီဝင် မဟုတ်သူ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ ဆိုသော နှစ်ချက်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(ခ)ဖြင့် ထည့်သွင်းသတ်မှတ်ထားရှိပါသည်။

**သိသာမြင်သာ ရှိလှ**

နိုင်ငံရေးပါတီဝင် မဟုတ်သူများသာ တာဝန်ပေးအပ်ထားခြင်းမှာ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများရှိ နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ထမ်းမှုဆိုင်ရာ အရေးကိစ္စများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ပါတီနိုင်ငံရေး ပယောဂများ ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ထားရှိကြောင်း သိသာမြင်သာ ရှိလှပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရန် တာဝန်ရှိပါသည်။ ထို့အပြင် ဝန်ထမ်းများ စောင့်ထိန်းရမည့် ကျင့်ဝတ်များလည်း ရှိပါသည်။ ကျင့်ဝတ်ထိန်းသိမ်းကြလျှင် ဝန်ထမ်းအဖွဲ့အစည်းများ၏ မူလလုပ်ငန်းများ၊ ရည်မှန်းချက်၊ ပေါက်မြောက်အောင်မြင်ကြပြီး ပြည်သူများ တစ်နည်းအားဖြင့် နိုင်ငံတော်အတွက် ကောင်းမွန်သော အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါသည်။ ဝန်ထမ်းများ စောင့်ထိန်းရမည့် ကျင့်ဝတ်များအနက်မှ ကျင့်ဝတ်အချို့မှာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်။ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်။ ပြည်သူတို့၏ အကျိုးစီးပွားများကို အလေးထား ဆောင်ရွက်ရမည်။ တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ရမည်။ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်းတို့ကို ရှောင်ကြဉ်ရမည်။ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ နိုင်ငံတော်ကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်ရ စသည်တို့ ဖြစ်ပါသည်။ ထို့အပြင် အလုပ်ခွင်ဆိုင်ရာစည်းကမ်းများ၊ အလုပ်ချိန်ဆိုင်ရာစည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှုဆိုင်ရာ စည်းကမ်းများ၊ ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများ၊ ပါတီနိုင်ငံရေးကင်းရှင်းရန် စည်းကမ်းများကိုလည်း လိုက်နာကြရပါမည်။

**အထူးလိုက်နာကြဖို့ လိုအပ်**

ပါတီနိုင်ငံရေးကိစ္စ ကင်းရှင်းမှသာ ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံ့ဝန်ထမ်းများသည် ပါတီစွဲ၊ မူဝါဒစွဲကင်းပြီး မိမိတို့လုပ်ငန်းတာဝန်များကို ဘက်လိုက်မှုကင်းစွာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်သဖြင့် ဝန်ထမ်းများအတွက် ပါတီနိုင်ငံရေးကင်းရှင်းရန် ဝန်ထမ်းကျင့်ဝတ်စာစောင် (၂၀၁၄ ခုနှစ်) တွင် စည်းကမ်းသတ်မှတ်ချက်များ ဖော်ပြထားရှိပြီး ဖြစ်ပါသည်။ စည်းကမ်းအချို့ကို ဖော်ပြရလျှင် မည်သည့်ပါတီနိုင်ငံရေးကိုမျှ မလုပ်ရပါ။ မည်သည့်ပါတီနိုင်ငံရေးအဖွဲ့အစည်းတွင်မျှ မပါဝင်ရပါ။ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းထားခြင်းမဟုတ်သည့် အသင်းအဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂစသည်တို့တွင် မပါဝင်ရပါ။ မည်သည့်ရွေးကောက်ပွဲတွင်မဆို မဲဆွယ်ခြင်း၊ အကူအညီပေးခြင်းများ မပြုလုပ်ရပါ။ ရုံးတွင်းရုံးပြင်၌ ပါတီနိုင်ငံရေးနှင့်စပ်လျဉ်း၍ စည်းရုံးခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်းများ မပြုလုပ်ရပါဆိုသော စည်းကမ်းချက်များကို နိုင်ငံ့ဝန်ထမ်းများ အထူးလိုက်နာကြဖို့ လိုအပ်ပါသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃၈ တွင် “ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူရန် ဆောင်ရွက်ရမည်” ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေနည်းဥပဒေများ ၁၆၃၊ နည်းဥပဒေခွဲ(၃)တွင် လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် ဌာနဆိုင်ရာ စာရွက်စာတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်များကို မသက်ဆိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသိပေးခြင်း၊ နည်းဥပဒေခွဲ(ပ)တွင် နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို အကြည်အညိုပျက်စေမည့် စာအုပ်စာတမ်းများ ရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊ နည်းဥပဒေခွဲ(ဖ) တွင် နိုင်ငံတော်လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းတို့ ပြုလုပ်သည့် နိုင်ငံ့ဝန်ထမ်းများကို အရေးယူအပြစ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

နိုင်ငံတော်၏ ဦးဆောင်အဖွဲ့အစည်းမှာ နိုင်ငံတော်အစိုးရအဖွဲ့ ဖြစ်သည်။ နိုင်ငံတော်အစိုးရအဖွဲ့က မူဝါဒ၊ လမ်းစဉ်များကို လက်ရှိတည်ဆဲဥပဒေများနှင့်အညီ ချမှတ်အကောင်အထည်ဖော်ရန် အဆုံးအဖြတ်ပေးပြီး ဆိုင်ရာဝန်ကြီးဌာနများက လိုက်နာဆောင်ရွက် အကောင်အထည်ဖော်ကြရသည်။ အားနည်းချက်၊ အားသာချက်များ၊ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်ရှိသည်များကို နိုင်ငံတော်အစိုးရအဖွဲ့က အဖြေရှာပြီး လတ်တလော အကောင်အထည်ဖော်ရန် လိုအပ်ချက်၊ ရေတိုရေရှည်စီမံချက်၊ မျှော်မှန်းချက်များကို ကဏ္ဍအလိုက် ပညာရှင်များထံမှ လိုအပ်သည့် အကြံဉာဏ်များ ရယူပေါင်းစပ်ကာ နိုင်ငံတော်၏ ယန္တရားလည်ပတ်ရန် ဆောင်ရွက်ကြသည်။

**ပြည်သူ့အကျိုးစီးပွားကိုသာ ဦးတည်**

နိုင်ငံတော်အစိုးရတစ်ရပ်သည် နိုင်ငံတော်၏ ယန္တရားလည်ပတ်နိုင်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို ဦးဆောင်လမ်းညွှန်ပြုရသည်။ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းအားလုံးသည် နိုင်ငံတော် တစ်နည်းအားဖြင့် ပြည်သူများ၏ အကျိုးစီးပွားများကို ဦးတည်ဆောင်ရွက်ကြရသည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ ပြည်သူများ၏ အကျိုးစီးပွားအတွက် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရသူများ ဖြစ်ပါသည်။ “ ဝန်ထမ်းကောင်းမှသာ နိုင်ငံကောင်းမည်” ဟုပင် ဆိုကြသည်များလည်း ရှိပေသည်။ ပြည်သူကို အလုပ်ကျွေးပြုကြရမည့် နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်း၊ တည်ဆဲဥပဒေများနှင့်အညီ ဦးဆောင်စံပြလိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ သို့မှသာ နိုင်ငံနှင့် ပြည်သူများ၏ အားထားရသော “ **ဂုဏ်သိက္ခာရှိသည့် နိုင်ငံ့ဝန်ထမ်းများ**” အဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါသည်။ ပြည်သူ့အကျိုးစီးပွားကိုသာ ဦးတည်ထားသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြင့်သာ ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံ တည်ဆောက်နိုင်မည် ဖြစ်ပေသည်။ ။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနဝ္ဂနွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နှင့် ပင်လုံမြို့၊ မွန်ပြည်နယ် သထုံမြို့နှင့် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်တိုက်စုစုပေါင်း ကိုးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နှင့် ပင်လုံမြို့၊ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၂၄ ကျောင်းရှိ သံဃာတော်များနှင့် သာသနဝ္ဂနွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းအပြင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့၌ တပ်မတော်မှဆေးအဖွဲ့များက ဆရာတော် သံဃာတော်များ၊ သာသနဝ္ဂနွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ပုသိမ်မြို့ မိဂဒါဝုန်ကျောင်းတိုက်ရှိ သံဃာတော်များအား ဆေးတပ်ဖွဲ့ဝင်များက ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပေးရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင် ကြည့်ရှုအားပေးစဉ်။

---

❊ *ရွှေ့ဖုံးမှ*

ယင်းဇောဓိကမ်း တံတားသည် အရှည် ၇၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ စီ၊ တံတားခန်းဖွင့်မှု ၃၀ မီတာ x ၈ ခန်းပါရှိပြီး တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ် အချင်း ၁ ဒသမ ၂ မီတာရှိသော ဘိုးပိုင်ဖြစ်၍ ကိုယ်ထည်မှာ ကွန်ကရစ်၊ အပေါ်ထည်မှာ P.C Girder & Decking Slab၊ ရေလမ်းကင်းလွတ်အကျယ် ၆၆ ပေ၊ ရေလမ်း ကင်းလွတ်အမြင့် ၇ ပေဖြစ်ပြီး ခွင့်ပြုယာဉ်နှင့် ကုန်အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

အဆိုပါ ဇောဓိကမ်းတံတား စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သန်း ၂၄၅၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သန်း ၁၁၅၀ တို့ဖြင့် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇောဓိကမ်းတံတားသစ် မဆောက်လုပ်မီနှင့် လက်ရှိ တည်ဆောက်နေစဉ် ကာလများတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် (တနင်္သာရီ-ဇောဓိကမ်း) လုပ်ငန်းလိုင်စင်ရ ကူးတို့ရေယာဉ် တစ်ခုတည်းကိုသာ အားထား၍ သွားလာနေရပြီး တံတားတည်ဆောက် ပြီးစီးပါက တနင်္သာရီမြို့၏ တစ်ဖက်ကမ်းဖြစ်သော ဇောဓိကမ်းကျေးရွာဘက်ခြမ်းတွင်ရှိကြသည့် ဆင်ခြေဖုံးကျေးရွာအုပ်စု၊ ဘန်လောကျေးရွာအုပ်စု၊ သကျက်ကျေးရွာအုပ်စု၊ ညောင်ပင်ကွင်း၊ တကူ၊ သာရဘွင်၊ သိန္ဓော၊ ကော့မပြင်း၊ သဘော်ဦး၊ သိန်ခွန်း စသည့် ကျေးရွာအုပ်စုကြီးများအပြင် မြန်မာ-ထိုင်း နယ်စပ်မောတောင်မြို့အထိ အချိန်မရွေး အလွယ်တကူ သွားလာနိုင်တော့မည် ဖြစ်သည်။

**နန်းသာရီ-ထိန်ဝင်း(မြန်/ဆက်)**



တည်ဆောက်နေဆဲ ဇောဓိကမ်းတံတား။

---

# တောင်သာမြို့နယ်ရှိ အုတ်လုပ်ငန်းများ အရောင်းအဝယ်အေးနေ

**တောင်သာ ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် အိုးဘိုအုပ်စု တမံကြီးကျေးရွာရှိ အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်ကာ အုတ်ရောင်းချသူများ အနေဖြင့် ကိုဗစ် – ၁၉ ရောဂါကြောင့် ယခင် လောက် အရောင်းအဝယ်မဖြစ်ဘဲ အရောင်းအေးနေကြောင်း အုတ်ရောင်းချသူများထံမှ သိရသည်။



“ကျွန်တော့် လုပ်ငန်းမှာဆိုရင် မိသားစု ၁၅ စုလောက်လုပ်ကိုင်ကြပါတယ်။ လူတစ်ဦးကို နေ့စားခ ငွေကျပ် ၄၅၀၀ ကနေ ၆၀၀၀ အထိ ပါပါတယ်။ အုတ်လုပ်ရာမှာ နုန်းသားမြေနဲ့ ရေပေးရေနှပ်၊ ရေနင်းပြီး လူတစ်ဦး တစ်နိုင်တစ်ပိုင်ထမ်းနိုင်တဲ့ အနေအထားနဲ့ အုတ်ရိုက်တဲ့နေရာနား တင်ရပါတယ်။ တစ်ယောက်က လုံးပြီး တစ်ယောက်က အုတ်ရိုက်ရပါတယ်။ ရလာတဲ့ အုတ်ချပ်လေးတွေကို နေလှန်းရပါတယ်။ လုပ်ငန်းတစ်ဆိုင်းမှာ လူ ငါးဦးကနေ ခြောက်ဦးအထိ ရှိပါတယ်” ဟု တမံကြီးကျေးရွာ KK အုတ်လုပ်ငန်းပိုင်ရှင် ဦးကြည်သိန်းက ပြောသည်။

အုတ်လုပ်ငန်းမှာ ရာသီမရွေး လုပ်ကိုင်နိုင်ပြီး အုတ်ဖုတ်ရာတွင် မြေကြီးကို ရေဖြင့်နူးနပ်၍ အဆိုပါမြေကြီးကို သဲနှင့် စပါးခွံတို့ အချိုးကျရောနှောကာ ပုံစံခွက်ဖြင့် ရိုက်ပြီး ခုနစ်ရက်ခန့် နေလှန်းကာ အုတ်ဖိုတည်၍ မီးဖြင့် ခုနစ်ရက်ခန့် ဖုတ်ရသည့် လုပ်ငန်းဖြစ်သည်။ အုတ်ဖို တစ်ဖိုလျှင် အချိန်တစ်လခန့်ကြာမြင့်ကာ မိုးရာသီများတွင် အုတ်တစ်ဖိုလျှင် အုတ်ခဲ သုံးသောင်းမှ လေးသောင်းခန့် လုပ်ကိုင်နိုင်ရာ အခြားရာသီများတွင် အုတ်တစ်ဖိုလျှင် အုတ်ခဲ ခုနစ်သောင်းမှ ရှစ်သောင်းခန့်အထိ ဖုတ်လေ့ရှိကြောင်း သိရသည်။

အုတ်ကို ဒေသတွင်းအဆောက်အအုံ၊ ဘုရားကျောင်းကန်၊ စေတီပုထိုးများ တည်ဆောက်ရာမှာ ရောင်းချရကြောင်း၊ အုတ်ဝယ်လိုအားတွင် ပြည်ပထွက်ခွာအလုပ် လုပ်ကိုင်သူများမှာ လုပ်ငန်းအဆင်ပြေသည့် အချိန်တွင် မိသားစုများအတွက် နေအိမ်ဆောက်လုပ်ရန်နှင့် စေတီပုထိုး ဘုရားကျောင်းများ တည်ဆောက်လှူဒါန်းရန်အတွက် ရောင်းချရခြင်းဖြစ်ပြီး ကိုဗစ် – ၁၉ ရောဂါကြောင့် ပြင်ပထွက်ခွာလုပ်ကိုင်သူများ ပြန်လာခြင်းကလည်း အုတ်အရောင်းအဝယ် ကျဆင်းနေခြင်းဖြစ်ကြောင်း အုတ်လုပ်ကိုင်ရောင်းချသူများက ပြောသည်။

“အုတ်လုပ်ငန်းကို မိသားစု စားဝတ်နေရေးအတွက် တစ်နိုင်လုပ်ကိုင်တာပါ။ လက်ရှိ ကိုဗစ်ရောဂါကြောင့် ကျွန်တော်တို့ ရောင်းကွက်၊ ဝယ်ကွက် မကောင်းဘူးပေါ့။ လက်ရှိ ကိုဗစ်ရောဂါ ကာလအတွင်းမှာ နယ်တွေက သူများနိုင်ငံသွားလုပ်ကိုင်သူတွေ အဆင်မပြေတော့ ပြန်လာကြတာများတယ်လေ။ အလုပ်သမား ထိန်းကျောင်းဖို့အတွက် တွက်ခြေမကိုက်လည်း လုပ်နေတာပါ။ အဆင်ပြေတဲ့အခါ လုပ်လိုက်။ အဆင်မပြေတဲ့အခါ နားထားလိုက်ပေါ့။ အရောင်းအဝယ် မကောင်းတော့ စိတ်ဓာတ်ကျတာပေါ့” ဟု တမံကြီးကျေးရွာ အုတ်လုပ်ငန်းလုပ်ကိုင်သူ ဦးကြည်အောင်က ပြောသည်။

တောင်သာမြို့နယ် တမံကြီးကျေးရွာမှာ တစ်နိုင်တစ်ပိုင် အုတ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ အများစုရှိပြီး တမံကြီးကျေးရွာမှ အုတ်များကို မြင်းခြံမြို့၊ တောင်သာမြို့နှင့် မလှိုင်မြို့များသို့ အများဆုံးရောင်းချလေ့ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်၍ ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်အား ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိရာ နိုင်ငံအတွက် အကျိုးရှိမည့်လုပ်ငန်းများကို ရပ်တန့်နေခြင်းမျိုးမရှိစေဘဲ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုကြောင်း၊ ဌာနများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားပြည်သူလူထုအားလုံး၏အကျိုးစီးပွားသာယာဝပြောစေရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ဌာနအချင်းချင်း ညှိနှိုင်းတိုင်ပင်၍ အကောင်းဆုံးနည်းလမ်းများကို ရွေးချယ်ပြီး စေတနာထား ဆောင်ရွက်ရန်လိုကြောင်း ဌာနအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများကို လေးစားလိုက်နာ ကျင့်သုံးစေရန်နှင့် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် နေထိုင်၍ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့ပြနှင့် ကျေးလက်ဒေသ ဆင်းရဲချမ်းသာ ကွာဟမှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားရန်၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံရေးသမားတို့၏ Social Media ပေါ်မှ ကောလာဟလသတင်းများ၊ သွေးထိုးလှုံ့ဆော်ခြိမ်းခြောက်မှုများအား မယုံကြည်ကြစေရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်မှုများပြုလုပ်လာပါကလည်း တိုင်ကြားနိုင်ရန် တယ်လီဖုန်းနံပါတ်နှင့် Email လိပ်စာများကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းအသိပေးထားပြီးဖြစ်ကြောင်းနှင့် ခြိမ်းခြောက်မှုများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်၊ ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ ကောင်စီဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ပဲခူးခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

---

○ *ကျော်ဖုံးမှ*

စေတီတော်အား လာရောက်ဖူးမြော်သူများပြားလျက်ရှိသည်။ ပွဲတော်ကာလကိုလည်း ပွင့်လင်းရာသီဖြစ်သော သီတင်းကျွတ်လပြည့်မှ ကဆုန်လပြည့်အထိ နှစ်စဉ်ခုနစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး မိုးတွင်းကာလတွင်လည်း စေတီတော်ကြီးကို လာရောက်ဖူးမြော်ချင်သူများအတွက် ဂေါပကအဖွဲ့ကဦးစီးကာ ဖွင့်လှစ်ပေးလျက်ကြောင်း သိရသည်။

ယခုအခါ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြီးခဲ့သော ဖေဖော်ဝါရီ ၈ ရက်က ဘုရားအမှူးပြုသော သံဃာတော် ၁၁ ပါးအား ပင့်ဖိတ်ကာ ဘုရားအနေကဇာတင်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ဩဝါဒခံယူခြင်းနှင့် နေ့ဆွမ်းဆက်ကပ်ခြင်းများ ပြုလုပ်ခဲ့ကာ စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းသို့ စတင်ဖွင့်လှစ်သည့်ရက်မှာပင် တောင်ခြေကင်ပွန်းစခန်းမှ စေတီတော်ရင်ပြင်သို့ ဘုရားဖူးပြည်သူများ အဆင်ပြေပြေ ဖူးမြော်နိုင်ရန်အတွက် တောင်တက်ကားအဖွဲ့များက စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ထိုက်အောင်ဝင်း**

---

## ယနေ့အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

---

# ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်တာဝန်ရှိသူများ တွေ့ဆုံ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၄**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မြင့်ဝေက ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များ ဖွင့်လှစ်ရာတွင် လုံခြုံရေးအခက်အခဲများရှိပါက ကူညီဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဘဏ်များ ဖွင့်လှစ်ဆောင်ရွက်ရာတွင် လုံခြုံရေးအခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် တာဝန်ရှိသူများက လက်ရှိ ဆောင်ရွက်လျက်ရှိသည့် ဘဏ်လုပ်ငန်း အခြေအနေများကို တင်ပြကြရာ ကယားပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမြင့်ဝေက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုံခြုံရေး အခက်အခဲများရှိပါက ကြိုတင် တင်ပြဆောင်ရွက်ပေးကြရန် ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

---

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေးဆေးရုံများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှ ဆရာဝန်များသည်လည်း ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။



ပုသိမ်မြို့ နယ်မြေခံဆေးတပ်ရင်းတွင် ဒေသခံပြည်သူများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၈၅၈၁ ဦး၊ အတွင်းလူနာ ၂၀၆၄ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှု ခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၇၁ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၇၅ ဦး စုစုပေါင်း ၅၄၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့အပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော် ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိ၍ ၎င်းတို့အနက် ၂၂၈ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၅၀ ကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၅၇၈ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေးဆက်သွယ် ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး ဆေးရုံ တက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေး ထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များ အတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက်ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေး ထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။


Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။




ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း




ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း




စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း




အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း




ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ




အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်



မြင်းမူမြို့ ဗန္ဓုလရပ်ကွက် အ.ထ.က (၁) စာသင်ကျောင်းရှေ့တွင် ကားလမ်းမပေါ်သို့ ဖေဖော်ဝါရီ ၁၄ ရက် က စိန်ပန်းပင်လဲကျမှုဖြစ်သဖြင့် မြင်းမူမြို့နယ်မီးသတ်စခန်းမှ သနွေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ဓာတ်ပုံ- MFSD

# မှော်ဘီမြို့နယ်နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းဘေးရှိ နေရာအချို့တွင် တောမီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းဘေးရှိနေရာအချို့တွင် တောမီးလောင်မှုများ ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကနဦးထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအုပ်စု ကန်သာယာကျေးရွာအနီးတွင် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က တောမီးလောင်မှု ဖြစ်ပွားသဖြင့် မှော်ဘီမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ မှော်ဘီအရန်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး ထွက်ခွာငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၈မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၅၄ တွင် တောမီးလောင်မှုဖြစ်ပွားသဖြင့် ဇောဓိကုန်း အမြန်လမ်းမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး ထွက်ခွာငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီခွဲတွင် မီးငြိမ်းသွားကြောင်းသိရသည်။

ထို့အတူ ယနေ့ ညနေ ၄ နာရီ ၂၅မိနစ်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၀၄ တွင် တောမီးလောင်မှုကြောင့် သီးကုန်းအမြန်လမ်းမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး ထွက်ခွာငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

# မိုင်းဆတ်မြို့၌ ယာဉ်တိုက်မှုဖြစ် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ် မိုင်းဆတ်မြို့ မိုင်းဆတ်-မိုင်းခုတ်သွားလမ်း ဝိန်းနေရပ်ကွက်တွင် ဖေဖော်ဝါရီ ၁၃ ရက် ည ၉ နာရီ မိနစ် ၅၀ က ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဟိုးနားကျေးရွာဘက်မှ မိုင်းဆတ်မြို့ဘက်သို့ နားလည်ကျေးရွာနေ အိုက်စမ်ကပ် မောင်းနှင်ပြီး တစ်ရွာတည်းနေ အိုက်စပလွတ် (၂၁) နှစ် လိုက်ပါလာသော ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မယ်ဆွမ်မြောက်ရပ်ကွက် ဝမ်ကပ်ရပ်နေ ကိုကိုထိုက် (၂၅) နှစ် မောင်းနှင်လာသော ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် အိုက်စမ်ကပ်မှာ ဒဏ်ရာများရရှိသေဆုံးသွားပြီး ကိုကိုထိုက်တွင် ဒဏ်ရာများရရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မိုင်းဆတ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ဇီဝမျိုးစုံကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ကော့သောင်းမြို့နယ်၌ ဓားခုတ်မှုဖြစ်ပွား အမျိုးသား တစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ဖေဖော်ဝါရီ ၁၃ ရက်က လူသတ်မှုကျူးလွန်ခဲ့သူအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၂ နာရီက ပုလုံးတုံးတုံးကျေးရွာကမ်းနားမှ အောင်ဘာကျေးရွာကမ်းနားအနီးရှိ ပင်လယ်ပြင်သို့ ပုလုံးတုံးတုံးကျေးရွာနေ ဦးအောင်ဝင်း၊ ဝင်းနိုင် နှင့် ဘုတ်ပြင်းမြို့နယ်၊ ရေငံကြီးကျေးရွာနေ ရန်အောင်စိုး (ခ) အောင်အောင်ပါ ရှစ်ဦး ငါးဖမ်းထွက်ခွာလာခဲ့ကြောင်း ၄က်သိုက်ကျွန်း၏ အနောက်ဘက် ၁ ဒသမ ၅ မိုင်ခန့်အကွာ ပင်လယ်ပြင်အရောက် ငါးဖမ်းပိုက်ဆွဲပြီး အရက်သောက်နေသော ဝင်းနိုင် အား ရန်အောင်စိုး (ခ)အောင်အောင်က ခြိမ်းခြောက်ပြောဆိုရာ ဝင်းနိုင် က အနီးရှိ အရိုး/အသွား တစ်ပေခွဲခန့် ဓားမဖြင့် ခုတ်မှုကြောင့် ရန်အောင်စိုး (ခ) အောင်အောင်တွင် ဒဏ်ရာများရရှိသေဆုံးသွားခဲ့သဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ဝင်းနိုင် အား ကော့သောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ပခုက္ကူမြို့၌ အမျိုးသားတစ်ဦးအား လက်နက်များအက်ဥပဒေဖြင့် အရေးယူထား

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၅ နာရီခွဲက ဈေးဝတီတံတားအနီး လမ်းမပေါ်တွင် မသင်္ကာဖွယ်လူတစ်ဦးအား တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းခဲ့သည်။

၎င်းမှာ အမှတ် (၃) ရပ်ကွက်နေ မင်းနိုင် (၃၉) နှစ်ဖြစ်ပြီး ၎င်း လွယ်အိတ်အတွင်းမှ အရိုးအသွား ၁၃ လက်မခန့်ရှိ သုံးမြှောင့်ပုံအညိုရောင် လက်ကိုင်ရိုးတပ်ထားသည့် စကေဘာတစ်ချောင်း၊ လောက်လေးခွတစ်လက်နှင့် သံကုန်းသီးငါးလုံးတို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မင်းနိုင်အား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ်ပတ်ကြစို့




မော်တော်ယာဉ်မောင်းနှင်စဉ် အသက်ထိုင်ခုံခါးပတ်ကို မိမိမှ စတင်ဝတ်ဆင်အသုံးပြုခြင်းဖြင့် အသက်အန္တရာယ်အား ကာကွယ်ပါ။

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဖော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေ့ါပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

**(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)**

### ၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲ လွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

#### (က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်စုရပ်တွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ ဖားလွယ်ခုတ် အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ မထိုင်ရပါ။

(**မှတ်ချက်**။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ။)

#### (ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) မှုနှင့်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်နေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ။ ပုံမှန် ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း ဧည့်သည်လက်ခံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် စာပေး/စာယူဌာနများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား စားပွဲတင်ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ်စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ပါ။ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။

- လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။

### ၂။ ထမင်းစားချိန်တွင်-

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

### ၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

#### (က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မှုကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။

- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာ နှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြား နေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝ မပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားပါ။

- ဝန်ထမ်းကြို/ပို့ယာဉ်များ (သို့မဟုတ်) အများပြည်သူသုံးယာဉ်များကို စီးနင်းချိန်တွင် (၁-က) တွင် ဖော်ပြထားသည့် လိုက်နာရန်အချက်များကို ပြန်လည်သတိပေး ပြောကြား ပေးပါ။

#### (ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ။
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဂျပန်နိုင်ငံတွင် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ပထမဆုံးအကြိမ်အဖြစ် တရားဝင်ခွင့်ပြုချက်ပေးတော့မည်

**တိုကျို ဖေဖော်ဝါရီ ၁၄**

ဂျပန်နိုင်ငံသည် ဖိုက်ဇာကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဖေဖော်ဝါရီ ၁၄ ရက်တွင် တရားဝင်အတည်ပြုပေးတော့မည်ဟု သိရသည်။

အဆိုပါ ကာကွယ်ဆေးကို ပြည်တွင်း၌ အသုံးပြုခွင့်ပေးရန် မီးစိမ်းပြလိုက်ခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေးထိုးပေးနိုင်တော့မည်ဖြစ်သည်။

ကျန်းမာရေး၊အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို အတည်ပြုပေးလိုက်ခြင်းမှာ ဂျပန်နိုင်ငံအတွင်း ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် အဓိကခြေလှမ်းတစ်ရပ်ပင် ဖြစ်သည်။

တိုကျိုအိုလံပစ် မစတင်မီ ခြောက်လခန့်အလို ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီဒဲဆူဂါ၏ ကိုဗစ် – ၁၉ တုံ့ပြန်မှုများကို မကျေနပ်မှုများ ပျံ့နှံ့လာပြီးသည့်နောက် ယခုလို ကာကွယ်ဆေးအတည်ပြုရန် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်ဆေးဝါးကုမ္ပဏီကြီးဖြစ်သည့် ဖိုက်ဇာနှင့် ဂျာမနီမိတ်ဖက်ကုမ္ပဏီဖြစ်သည့် ဘိုင်ရွန်တက်ခ်တို့ ပူးပေါင်းထုတ်လုပ်ထားသည့် ကာကွယ်ဆေးမှာ လက်တွေ့စမ်းသပ်မှုရလဒ်များအရ ကိုဗစ် – ၁၉ ကို ၉၅ ရာခိုင်နှုန်း အကာအကွယ်ပေးသည်ဟု သိရသည်။

ဂျပန်နိုင်ငံသည် ဘယ်လ်ဂျီယံနိုင်ငံရှိ ဖိုက်ဇာစက်ရုံမှ ကာကွယ်ဆေးအရေအတွက် ၄၀၀၀၀၀ လက်ခံရရှိခဲ့ပြီး တစ်နေ့တည်းမှာပင် အသက် ၁၆ နှစ်အရွယ်များကို ထိုးပေးရန် ကျန်းမာရေးဝန်ကြီးဌာနက ခွင့်ပြုချက်မပေးခဲ့ပေ။

သီတင်းပတ်သုံးပတ်ခြားကာ ကာကွယ်ဆေးကို နှစ်ကြိမ်ထိုးပေးမည်ဖြစ်သည်။ ပထမဦးစွာ ဆရာဝန်နှင့် သူနာပြု ၂၀၀၀၀ ကို ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပြီး ၎င်းတို့မှာ ကာကွယ်ဆေးထိုးပြီးနောက် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများကို လေ့လာစောင့်ကြည့်ရန် သဘောတူပြီးသောသူများဖြစ်သည်။ ဖေဖော်ဝါရီ ၁၇ ရက်တွင် ကာကွယ်ဆေး စတင်ထိုးနှံပေးမည်ဖြစ်သည်။

**ကျော်ဒို**



ကိုဗစ် – ၁၉ ကာကွယ်ဆေးများ ပထမအသုတ်အဖြစ် နာရီတာလေဆိပ်သို့ ရောက်ရှိလာစဉ်။



ကင်မရွန်းနိုင်ငံတွင် အပူချိန်တိုင်းတာမှုကိုခံယူနေသည့် ကျောင်းသူတစ်ဦးကို တွေ့ရစဉ်။

# အာဖရိကတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃ ဒသမ ၇၃ သန်းအထိရှိလာ

**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၁၄**

အာဖရိကတိုက်တွင် ဖေဖော်ဝါရီ ၁၃ ရက်အထိ ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၇၃၁၃၄၃ ဦး ရှိသည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

အာဖရိကတွင် ကိုဗစ်–၁၉ နှင့်ဆက်စပ်ပြီးသေဆုံးသူ ၉၇၈၇၀ တိုးလာသည်။

အာဖရိကတိုက် တစ်ခုလုံးတွင် ကိုဗစ် – ၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၃၂၇၂၂၀၂ ဦး ရှိသည်ဟု အာဖရိကသမဂ္ဂကော်မရှင်၏ ကျန်းမာရေးအေဂျင်စီက ပြောသည်။ အာဖရိကတောင်ပိုင်း ဒေသသည် ကိုဗစ် –၁၉ ကူးစက်မှုအများဆုံးဖြစ်ပြီး ယင်းနောက်တွင် အာဖရိကမြောက်ပိုင်းဒေသမှာ ကူးစက်မှုများသည်ဟု အဆိုပါအေဂျင်စီက ပြောသည်။

အာဖရိကတွင် ကိုဗစ် – ၁၉ ဆိုးရွားစွာ ထိခိုက်ခံရသည့်နိုင်ငံများမှာ မော်ရိုကို၊ တူနီးရှား၊ တောင်အာဖရိကနှင့် အီသီယိုပီးယားနိုင်ငံတို့ ဖြစ်ကြပြီး တောင်အာဖရိကနိုင်ငံရှိ ကိုဗစ် – ၁၉ ကူးစက်မှု၏ ၆၇ ရာခိုင်နှုန်း ရှိသည်။ အဆိုပါ ကူးစက်မှုတိုးသည့် ငါးနိုင်ငံအနက် တောင်အာဖရိကတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုနှုန်း အများဆုံးဖြစ်သည်။

အာဖရိကတိုက်တွင် ကိုဗစ် –၁၉ ကူးစက်မှုမှာ တစ်ကမ္ဘာလုံးကူးစက်မှု၏ ၃ ဒသမ ၅ ရာခိုင်နှုန်းတွင်ရှိပြီး ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုနှုန်းမှာလည်း တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ကြည့်လျှင် ၄ ရာခိုင်နှုန်းရှိသည်။ အာဖရိကနိုင်ငံအများစုမှာ တစ်ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှသေနှုန်း ၂ ဒသမ ၂ ရာခိုင်နှုန်းထက် ကျော်လွန်နေသည်ကို တွေ့ရသည်။

လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်–၁၉ ကပ်ရောဂါမှာ အရေးပေါ်ကျန်းမာရေးပြဿနာတစ်ခုဖြစ်သည့်သာမက စီးပွားရေးနှင့် လူမှုရေးပြဿနာလည်းဖြစ်သည်ဟု အာဖရိကသမဂ္ဂက ပြောသည်။

**ဆင်ဟွာ**

# အစ္စရေးနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၀၁၃ ဦး ထပ်တိုး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၄**

အစ္စရေးနိုင်ငံတွင် ဖေဖော်ဝါရီ ၁၃ ရက်က ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၀၁၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၇၂၁၇၅၉ ဦး ရှိလာသည်ဟု အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူစုစုပေါင်း ၅၃၄၀ ရှိပြီး စိုးရိမ်ရသောလူနာအရေအတွက်မှာ ၁၀၀၀ ကျော်ရှိသည်။ စုစုပေါင်းပြန်လည် ကျန်းမာလာသူစုစုပေါင်းမှာ ၆၅၅၄၆၃ ဦးရှိပြီး လက်ရှိရောဂါ ဖြစ်ပွားနေသူအရေအတွက်မှာ ၆၀၉၅၆ ဦးရှိသည်။

အစ္စရေးနိုင်ငံတွင် လူပေါင်း ၃ ဒသမ ၈၂ သန်းကို ကိုဗစ်– ၁၉ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ပြီး နိုင်ငံလူဦးရေ စုစုပေါင်း၏ ၄၁ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်မှစတင်ကာ ကာကွယ်ဆေး ထိုးနှံပေးရန် လုပ်ငန်းများ စတင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



အစ္စရေးနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

# ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်မှုနှုန်းကျဆင်းလာပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးပြော

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၄**

တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ အရေအတွက်မှာ ကျဆင်းလာပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

ကျန်းမာရေးဆိုင်ရာစည်းကမ်းချက် တင်းကျပ်မှုများ ပြုလုပ်လာသည့်အတွက် အရေအတွက် ကျဆင်းလာခြင်း ဖြစ်နိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက ပြောသည်။

မည်သည့်နိုင်ငံမျှ စည်းကမ်းကန့်သတ်ချက်များကို လျှော့ချရန် မလုပ်သင့်သေးဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ညွှန်ကြားရေးမှူးချုပ် တက်ဒရိုစ်အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက ပြောသည်။

ကမ္ဘာပေါ်တွင် ကူးစက်မှုအများဆုံးဖြစ်နေသည့် အမေရိကန်ပြည်ထောင်စု၊ ဒုတိယကူးစက်မှုအများဆုံးဖြစ်သည့် အိန္ဒိယနှင့် ဗြိတိန်နိုင်ငံတို့တွင်လည်း ကူးစက်မှုနှုန်းများမှာ ကျဆင်းလာသည်ကို တွေ့ရသည်ဟု ပြောသည်။

ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ သေဆုံးမှုနှုန်းမှာလည်း ၉ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု သိရသည်။ ဂျပန်၊ တရုတ်၊ ဩစတြေးလျ၊ အာဖရိကနှင့် မြေထဲပင်လယ် အရှေ့ပိုင်းတို့တွင်လည်း ကူးစက်မှုနှုန်း ကျဆင်းလာသည်မှာ သုံးပတ်ဆက်တိုက်ရှိပြီဖြစ်သည်။

အမေရိကန်၊ ဥရောပ၊ ရုရှားတို့ အပါအဝင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဒေသခြောက်ခုတွင်လည်း ကူးစက်မှုနှုန်း ကျဆင်းလာသည်ကို တွေ့ရသည်။

**အင်န်အိတ်ချ်ကေ**

# ဘရာဇီးနိုင်ငံတွင် ကိုဗစ် –၁၉ သေဆုံးမှုနှုန်း ၁၀၀၀ အထက်တွင် ရှိနေသည်မှာ ငါးရက်ဆက်တိုက်ရှိနေပြီဖြစ်

**ရီယိုဒီဂျနေးယိုး ဖေဖော်ဝါရီ ၁၄**

ဘရာဇီးနိုင်ငံတွင် ဖေဖော်ဝါရီ ၁၃ ရက်က ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ ၁၀၄၃ ဦး ထပ်တိုးလာရာ တစ်နိုင်ငံလုံး သေဆုံးသူစုစုပေါင်းမှာ ၂၃၈၅၃၂ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောသည်။ ကိုဗစ်–၁၉ ကြောင့် နေ့စဉ်သေဆုံးမှုနှုန်း ၁၀၀၀ အထက်တွင် ရှိနေသည်မှာ ငါးရက်ဆက်တိုက်ရှိနေပြီဖြစ်သည်။

ဘရာဇီးတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၄၄၂၉၉ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် တစ်နိုင်ငံလုံးကူးစက်ခံရသူစုစုပေါင်းမှာ ၉၈၀၉၇၅၄ ဦး ရှိသည်ဟု သိရသည်။ ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကိုဗစ် – ၁၉ ကြောင့် ဒုတိယသေဆုံးမှုအများဆုံးနိုင်ငံ ဖြစ်သည်။

ကူးစက်မှုနှုန်းတွင်လည်း ကမ္ဘာပေါ်တွင် တတိယအများဆုံးကူးစက်မှုမြင့်သည့်နိုင်ငံဖြစ်သည်။ လူဦးရေအထူထပ်ဆုံးမြို့ဖြစ်သည့် ဆော်ပိုလိုမြို့တွင် ကူးစက်ခံရမှုအများဆုံးဖြစ်ပြီး ကူးစက်ခံရသူ ၁၉၁၁၄၁၁ ဦးရှိကာ သေဆုံးသူ ၅၆၁၉၁ ဦး ရှိသည်ဟု သိရသည်။ ကိုဗစ် –၁၉ ကာကွယ်ဆေးပထမအကြိမ် ထိုးပြီးသူ ငါးသန်းကျော်ရှိပြီး ယင်းမှာဘရာဇီးလူဦးရေ၏ ၂ ဒသမ ၃၈ ရာခိုင်နှုန်းရှိသည်။ လူပေါင်း ၁၈၉၁၀၀ မှာလည်း ဒုတိယအကြိမ် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။

**ဆင်ဟွာ**

# ကမ္ဘာတစ်ဝန်း ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှုတွေ ကျဆင်းလာပြီ

ငွေသော်တာ

ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါထပ်မံကူးစက်ဖြစ်ပွားတဲ့နှုန်းဟာ လွန်ခဲ့တဲ့လက ထက်ဝက်လောက်နီးနီး ကျဆင်းလာခဲ့တယ်လို့ အေအက်ဖ်ပီရဲ့ အချက်အလက်တွေမှာ ဖော်ပြထားပါတယ်။

အလားတူပဲ ကိုဗစ်- ၁၉ အသစ်ထပ်မံကူးစက်မှုတွေဟာလည်း ဒီသီတင်းပတ်မှာကျဆင်းလာခဲ့ပါတယ်။ လတ်တလောမှာတော့ ကမ္ဘာတစ်ဝန်းလုံးမှာဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ အခြေအနေများကို တင်ပြပေးသွားမှာဖြစ်ပါတယ်။

**ကိုဗစ်- ၁၉ ကူးစက်မှုတွေ ကျဆင်းလာ**

လွန်ခဲ့တဲ့လက ကမ္ဘာတစ်ဝန်းလုံးမှာ ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ထပ်မံကူးစက်မှုများဟာ ၄၄ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ပါတယ်။ ဒါဟာ ကိုဗစ်-၁၉ ကပ်ရောဂါစတင်ဖြစ်ပွားချိန်ကတည်းက အများဆုံးကျဆင်းလာခဲ့တာဖြစ်ပါတယ်လို့ အေအက်ဖ်ပီရဲ့ သတင်းရင်းမြစ်တွေအရ သိရပါတယ်။

လွန်ခဲ့တဲ့လကလည်း ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားတဲ့အရေအတွက်ဟာ ကျဆင်းလာခဲ့ပါတယ်။ ဘယ်လောက်တောင် ကျဆင်းလာခဲ့သလဲဆိုရင် တစ်နေ့ကို ပျမ်းမျှအားဖြင့် ၄၁၂၇၀၀ အထိ ကျဆင်းလာခဲ့တာဖြစ်ပါတယ်။ ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ မှတ်တမ်းတင်ထားခဲ့တဲ့ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုပမာဏ ၇၄၃၀၀၀ နဲ့နှိုင်းယှဉ်ကြည့်ရင် သိသာနိုင်ပါတယ်။ အောက်တိုဘာလကတည်းကစကာ ကိုဗစ်-၁၉ ကူးစက်မှုအဆင့်ဟာ အနိမ့်ဆုံးအဆင့်အထိ ကျဆင်းလာခဲ့တာဖြစ်ပါတယ်။

**ပြီးခဲ့တဲ့အမှားတွေကို ထပ်မံမကျူးလွန်စေချင်**

ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာပညာရှင် ဂျီနီဗာတက္ကသိုလ်ကမ္ဘာ့ကျန်းမာရေးအင်စတီကျူရဲ့ ညွှန်ကြားရေးမှူး အန်တွိုင်နီဖလာဟော့တ်က ကမ္ဘာကြီးရဲ့ နေရာအတော်များများ ကိုဗစ်-၁၉ ကပ်ရောဂါဟာ သိသိသာသာ ကျဆင်းလာခဲ့ပါတယ်လို့ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် အစိုးရတာဝန်ရှိသူတွေအနေနဲ့ ကန့်သတ်ပိတ်ဆို့မှုတွေကို ဆောလျင်စွာ ဖယ်ရှားပေးခဲ့သလိုမျိုး ပြီးခဲ့တဲ့အမှားတွေကို ထပ်မံကျူးလွန်ကြမယ်ဆိုရင် ဒီကြောက်စရာကောင်းတဲ့ ကပ်ရောဂါဟာ တစ်ကျော့ပြန်ဖြစ်လာပြီး အန္တရာယ်ပေးမယ့် အနေအထား ရှိနေတယ်လို့ သူကသတိပေး ပြောကြားလိုက်ပါတယ်။

**ကမ္ဘာတစ်ဝန်းကိုဗစ်-၁၉ ကူးစက်မှုတွေ ကျဆင်းလာ**

ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဒေသအတော်များများမှာ လွန်ခဲ့တဲ့သီတင်းပတ်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အရှိန်လျော့နည်းလာတဲ့ အကျိုးဆက်ကို ရရှိလာပြီဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါနိုင်ငံတွေမှာ ကိုဗစ်-၁၉ ကူးစက်မှုအရေအတွက်ဟာ ၂၄ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ပါတယ်။ အာဖရိကမှာတော့ ၂၀ ရာခိုင်နှုန်း၊ အာရှမှာတော့ ၁၈ ရာခိုင်နှုန်း၊ ဥရောပမှာ ၁၅ ရာခိုင်နှုန်း၊ လက်တင်အမေရိကနဲ့ မြေထဲပင်လယ်မှာ ၁၀ ရာခိုင်နှုန်း အရှေ့အလယ်ပိုင်းမှာ ၂ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပါတယ်။

ကျွန်းနိုင်ငံတွေမှာတော့ ကိုရိုနာဗိုင်းရပ်စ်ဟာ မရှိသလောက် ကင်းစင်သွားပြီဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေမှာတော့ တစ်နေ့ကို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂ ဦးလောက်ပဲ ရှိပါတော့တယ်။

ကမ္ဘာ့နိုင်ငံနဲ့ ဒေသအသီးသီးမှာ မတူညီတဲ့စနစ်တွေကိုကျင့်သုံးခြင်းနဲ့ အမျိုးမျိုးသော စမ်းသပ်စစ်ဆေးမှုတွေကို အသုံးပြုလျက်ရှိတာကြောင့် ကွဲပြားမှုတွေတော့ ရှိကောင်းရှိနိုင်ပါတယ်။



ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသောကြောင့် လန်ဒန်မြို့လမ်းမတစ်ခုပေါ်တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်သွားလာနေသူတစ်ဦးကို တွေ့ရစဉ်။

- ❖ **လွန်ခဲ့တဲ့လက ကမ္ဘာတစ်ဝန်းလုံးမှာ ဖြစ်ပွားနေတဲ့ ကိုဗစ် - ၁၉ ထပ်မံကူးစက်မှုများဟာ ၄၄ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့**
- ❖ **ဘယ်လောက်တောင် ကျဆင်းလာခဲ့သလဲဆိုရင် တစ်နေ့ကို ပျမ်းမျှအားဖြင့် ၄၁၂၇၀၀ အထိ ကျဆင်းလာခဲ့**

**ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ရုတ်တရက် အနက်ရှိုင်းဆုံး ကျဆင်း**

ကမ္ဘာ့အချို့နိုင်ငံတွေမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာ ရုတ်တရက်အနက်ရှိုင်းဆုံးပမာဏအထိ ကျဆင်းလာခဲ့ပါတယ်။ ဒီသီတင်းပတ်မှာတော့ အသွားအလာကန့်သတ်ပိတ်ဆို့မှုအောက်မှာ နေထိုင်ကြတဲ့ ပေါ်တူဂီနဲ့ အစ္စရေးတို့မှာ ကိုဗစ်-၁၉ ကူးစက်နှုန်းတွေဟာ ရုတ်တရက်အနက်ရှိုင်းဆုံးကျဆင်းလာခဲ့ပါတယ်။ ပေါ်တူဂီနိုင်ငံမှာဆို ၅၄ ရာခိုင်နှုန်းနဲ့ အစ္စရေးနိုင်ငံမှာဆို ၃၉ ရာခိုင်နှုန်းတို့ဖြစ်ပါတယ်။

အစ္စရေးနိုင်ငံမှာ လွန်ခဲ့တဲ့သီတင်းပတ်လောက်ကစပြီး သူ့ရဲ့ကန့်သတ်ပိတ်ဆို့မှုတွေကို တစ်စတစ်စလျှော့ချလာခဲ့သလို ကမ္ဘာပေါ်မှာ အမြန်ဆုံးကာကွယ်ဆေးအစီအစဉ်ကို စတင်နိုင်ခဲ့ပါတယ်လို့ ဝင့်ကြွားခဲ့ပါတယ်။ သူ့နိုင်ငံလူဦးရေရဲ့ ၄၄ ရာခိုင်နှုန်းကို ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ပါတယ်။ ၂၈ ရာခိုင်နှုန်းကတော့ နှစ်ကြိမ်ထိုးနှံခံပြီးဖြစ်ပါတယ်။

စပိန်နိုင်ငံဟာ ကမ္ဘာ့တတိယအကြီးဆုံး ကိုဗစ်-၁၉ ကျဆင်းလာတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းဟာ ၃၉ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ပါတယ်။ တောင်အာဖရိကနိုင်ငံမှာတော့ ၃၇ ရာခိုင်နှုန်း၊ ကိုလံဘီယာနိုင်ငံမှာတော့ ၃၅ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှာတော့ ၃၅ ရာခိုင်နှုန်းကျဆင်းလာခဲ့တာ ဖြစ်ပါတယ်။

**ကိုဗစ်-၁၉ အမြင့်မားဆုံး တိုးလာ**

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုဟာ အီရတ်နိုင်ငံမှာတော့ အရှိန်ကောင်းတုန်းရှိပါသေးတယ်။ တစ်နေ့ကို ပျမ်းမျှအားဖြင့် ၈၁ ရာခိုင်နှုန်းကူးစက်ဖြစ်ပွားပြီးတော့ အိမ်နီးချင်း ဂျော်ဒန်နိုင်ငံမှာတော့ ၃၄ ရာခိုင်နှုန်း၊ ဂရိနိုင်ငံမှာတော့ ၂၉ ရာခိုင်နှုန်း၊ အီကွေဒေါမှာတော့ ၂၁ ရာခိုင်နှုန်းနဲ့ ဟန်ဂေရီမှာတော့ ၁၆ ရာခိုင်နှုန်းအထိ ကူးစက်ဖြစ်ပွားနေတုန်းပါ။

**အမေရိကန်ပြည်ထောင်စုမှာ ထပ်မံတိုးလာ**

အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားနှုန်းတွေဟာ ထပ်မံမြင့်တက်လာတုန်းရှိပါသေးတယ်။ ပျမ်းမျှအားဖြင့် တစ်နေ့ကို ၁၀၁၈၀၀ ခန့် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုများ ရှိနေတုန်းပါ။

ဘရာဇီးနိုင်ငံမှာတော့ လျော့နည်းကျဆင်းခဲ့ပါတယ်။ အလားတူ ပြင်သစ်နိုင်ငံမှာလည်း ၁၈၉၀၀၊ စပိန်နိုင်ငံမှာလည်း ၁၈၃၀၀ နဲ့ အင်္ဂလန်မှာလည်း ၁၅၂၀၀ လောက်သာ ကူးစက်ခဲ့ပါတယ်။ ဒီဖော်ပြလိုက်တဲ့ဥရောပသုံးနိုင်ငံကတော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာခဲ့ပါတယ်။

တစ်ဦးချင်းစနစ်ကို အခြေခံမှုနဲ့အတူ မွန်တီနီဂရိုးကတော့ ယခုသီတင်းပတ်မှာ လူတစ်သိန်းမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၀၆ ဦးသာ ရှိခဲ့ပါတယ်။

**အများဆုံးသေဆုံးမှုနဲ့မှတ်တမ်းတင်**

အမေရိကန်ပြည်ထောင်စုမှာတော့ လွန်ခဲ့တဲ့သီတင်းပတ်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အများဆုံးသေဆုံးမှုတွေနဲ့ မှတ်တမ်းတင်ခဲ့ပါတယ်။ တစ်နေ့ကို ပျမ်းမျှအားဖြင့် ၂၇၈၄ ဦးသေဆုံးခဲ့ပါတယ်။ မက္ကဆီကိုနိုင်ငံမှာ ၁၁၈၇ ဦး၊ ဘရာဇီးနိုင်ငံမှာ ၁၀၅၈ ဦး၊ အင်္ဂလန်မှာကတော့ ၇၅၄ ဦးနဲ့ ဂျာမနီနိုင်ငံမှာ ၅၅၅ ဦး သေဆုံးခဲ့ကြပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်- ၁၉ စတင်ဖြစ်ပွားချိန်ကတည်းက ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းဟာ ၂၅ သန်းကျော်ခဲ့ပြီလို့ ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြထားပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ သမ္မတ ဂျိုးဘိုင်ဒင်ဟာ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး စီးပွားရေးကုစားမှုအစီအစဉ်တွေ၊ အမိန့်ထုတ်ပြန်ချက်တွေ အတော်များများကို လက်မှတ်ရေးထိုးခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၆၀၀ ကျော် ဝယ်ယူထားပြီးပြီဖြစ်လို့ အမေရိကန်ပြည်သူအားလုံးကို ကာကွယ်ဆေးလုံလုံလောက်လောက် ထိုးပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)” တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ **“COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)”** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ(Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ၁၄-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၁၉၈၅၆၆ | ၁၈၁၅၃၇၀၉ | ၄၉၆၀၆၅ |
| ၂။ | အိန္ဒိယ | ၁၀၉၀၄၉၄၀ | ၁၀၆၁၁၇၃၁ | ၁၅၅၆၇၃ |
| ၃။ | ဘရာဇီး | ၉၈၁၁၂၅၅ | ၈၇၁၀၈၄၀ | ၂၃၈၆၄၇ |
| ၄။ | ရုရှား | ၄၀၇၁၈၈၃ | ၃၅၉၃၁၁၁ | ၈၀၁၂၆ |
| ၅။ | ဗြိတိန် | ၄၀၂၇၁၀၆ | ၂၁၂၅၃၃၁ | ၁၁၆၉၀၈ |
| ၆။ | ပြင်သစ် | ၃၄၄၈၆၁၇ | ၂၃၈၇၅၃ | ၈၁၆၄၇ |
| ၇။ | စပိန် | ၃၀၅၆၀၃၅ | စိစစ်ဆဲ | ၆၄၇၄၇ |
| ၈။ | အီတလီ | ၂၇၁၀၈၁၉ | ၂၂၁၆၀၅၀ | ၉၃၃၅၆ |
| ၉။ | တူရကီ | ၂၅၇၉၈၉၆ | ၂၄၆၈၄၁၉ | ၂၇၃၇၇ |
| ၁၀။ | ဂျာမနီ | ၂၃၃၆၉၈၉ | ၂၁၁၉၁၀၀ | ၆၅၄၂၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၄ - ၂ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၁၇၄၆၈ | ၁၀၂၅၂၇၃ | ၃၃၁၈၃ |
| ဖိလစ်ပိုင် | ၅၄၉၁၇၆ | ၅၁၁၇၄၃ | ၁၅၅၁၅ |
| မလေးရှား | ၂၆၄၂၆၉ | ၂၃၃၈၁၄ | ၉၆၅ |
| မြန်မာ | ၁၄၁၆၀၁ | ၁၃၀၃၃၁ | ၃၁၈၉ |
| စင်ကာပူ | ၅၉၈၀၀ | ၅၉၆၀၄ | ၂၉ |
| ထိုင်း | ၂၄၅၇၁ | ၂၂၁၁၁ | ၈၀ |
| ဗီယက်နမ် | ၂၂၂၈ | ၁၅၃၂ | ၃၅ |
| ကမ္ဘောဒီးယား | ၄၇၉ | ၄၆၃ | ၀ |
| ဘရူနိုင်း | ၁၈၄ | ၁၇၅ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။




COVID-19 ကိုဗစ်ဟာ အဆုတ်ရောင်ရောဂါကို ဖြစ်ပွားစေပါတယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများမှာ ပိုမိုစိုးရိမ်ရပါတယ်။အဘိုးအဘွားများအိမ်မှာပဲနေပါ။ မိသားစုဝင်တွေကတော့အဘိုးအဘွားတို့နဲ့ထိတွေ့ဆက်ဆံရာမှာ မိမိကိုယ်တိုင် သန့်ရှင်းရေးဦးစားပေးပြီး သတိထား ထိတွေ့ပေးကြပါ။ မိသားစုဝင်မဟုတ်သူများကို အိမ်တွင်း မဝင်ပါစေနှင့်။

# ချယ်ဆီးအသင်းရဲ့ နိုင်ပွဲဆက်နေမှုကို နယူးကာဆယ် တို့က ရပ်တန့် ပေးနိုင်မလား



■ မိုးဇက်

ပရီမီယာလိဂ်ပွဲစဉ် (၂၄)ရဲ့ လက်ကျန် နှစ်ပွဲဖြစ်တဲ့ ဝက်စ်ဟမ်းနဲ့ ရှက်ဖီးလ်၊ ချယ်ဆီးနဲ့ နယူးကာဆယ်အသင်း တို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ယနေ့ပွဲစဉ်မှာတော့ တန်းဆင်းဇုန် အတွင်းမှ ရုန်းထွက်ဖို့ ကြိုးစား လာမယ့် ရှက်ဖီးလ်အသင်း၊ အမှတ် ပေးဇယားအထက်ပိုင်းကို တက် လှမ်းဖို့ ကြိုးစားနေတဲ့ ချယ်ဆီး အသင်းတို့ ပါဝင်တာကြောင့် စိတ်ဝင် စားဖို့ ကောင်းနေပါတယ်။ ဒါကြောင့် ယနေ့ပွဲစဉ်မှာ ဘယ်အသင်းက အကောင်းဆုံးရလဒ်ကို ဖော်ဆောင် သွားနိုင်မလဲ စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

### ဝက်စ်ဟမ်း VS ရှက်ဖီးလ်

ပ_ကျော့ရလဒ်　ရှက်ဖီးလ် ၀-၁ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းနဲ့ ရှက်ဖီးလ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်စောစော ဝက်စ်ဟမ်း အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ဒေးဗစ်မိုယက်ရဲ့ ဝက်စ်ဟမ်းအသင်းက ပထမအကျော့မှာ ဟယ်လာရဲ့သွင်းဂိုးနဲ့ ရှက်ဖီးလ်အသင်းကို အနိုင်ရရှိထားပါတယ်။ ဝက်စ်ဟမ်းအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ အက်ဖ်အေဖလားပဉ္စမအဆင့်မှာ အသင်းကြီး မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး အချိန်ပိုသွင်းဂိုးကြောင့် ပြိုင်ပွဲမှ နှုတ်ဆက် ထွက်ခွာခဲ့ရတာလည်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း အဆိုပါပွဲမှာ ဝက်စ်ဟမ်းအသင်းရဲ့ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်ခဲ့တာကို တွေ့ရတယ်။ ပြိုင်ဘက် ရှက်ဖီးလ် အသင်းက အက်ဖ်အေဖလားပြိုင်ပွဲ အဆိုပါအဆင့်မှာ ချန်ပီယံရှစ်ကလပ် ဘရစ္စတိုးလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲကစားချိန် ၆၆ မိနစ်မှာ ရရှိတဲ့ ရှတ်ရဲ့ ပယ်နယ်တီသွင်းဂိုးနဲ့ နောက်တစ်ဆင့်ကို တက်ရောက်ထားနိုင်တဲ့အသင်းဖြစ်ပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဝက်စ်ဟမ်းအသင်းက ၂၃ ပွဲကစားကာ ၃၉ မှတ်အထိ စုဆောင်းရရှိထားတယ်။ ရှက်ဖီးလ် အသင်းက ပရီမီယာလိဂ်မှာ ရလဒ်ဆိုးများနဲ့ကြုံတွေ့နေရရာ ၂၃ ပွဲ ကစားပြီးချိန်မှာ ၁၁ မှတ်သာ ရရှိထားပါတယ်။ ရှက်ဖီးလ်အသင်းအနေနဲ့ တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက် နိုင်ရန်အလို့ငှာ ယခုပွဲစဉ်ကို မဖြစ်မနေအနိုင်ရရှိအောင် ပြင်ဆင်လာမှာ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းကလည်း အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းနိုင်ရန် အကောင်း ဆုံးကြိုးစားလာမှာဖြစ်လို့ စိတ်ဝင်စားဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

### ချယ်ဆီး VS နယူးကာဆယ်

ပ_ကျော့ရလဒ်　နယူးကာဆယ် ၀-၂ ချယ်ဆီး

ချယ်ဆီးနဲ့ နယူးကာဆယ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၂ နာရီခွဲမှာ ကျင်းပ သွားမှာဖြစ်ပါတယ်။ ချယ်ဆီးအသင်းဟာ နည်းပြသစ် တူချယ်တာဝန်ယူပြီးနောက်ပိုင်း ပုံမှန် ခြေစွမ်းပြန်လည်ရရှိလာတာကို တွေ့ရတယ်။ ချယ်ဆီးအသင်းဟာ နောက်ဆုံးယှဉ်ပြိုင် ကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသရေနဲ့ လေးပွဲအနိုင်ရရှိခဲ့တယ်ဆိုသော်ငြား အသင်းရဲ့ တိုက်စစ် ပိုင်းက ဘန်လေကို နှစ်ဂိုး-ဂိုးမရှိ၊ စပါးကို တစ်ဂိုး-ဂိုးမရှိ၊ ရှက်ဖီးလ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘန်စ လေကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားတာကြောင့် ထက်မြက်မှုအားနည်းနေတာကို သတိ ပြုရမယ်။ အမှတ်ပေးဇယားမှာ ၂၃ ပွဲကစားပြီး ၃၉ မှတ်အထိစုဆောင်းရရှိထားပါတယ်။ နယူးကာဆယ်အသင်းက နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်ပြီး သုံးပွဲအထိ ရှုံးနိမ့်ထားတာကြောင့် ချယ်ဆီးအသင်းထက် ခြေစွမ်းကျဆင်းနေတာကို သတိပြုရမယ်။ အမှတ်ပေးဇယားမှာ လည်း ၂၃ ပွဲမှာ ၂၅ မှတ်သာ စုဆောင်းထားနိုင်တဲ့အတွက် တန်းဆင်းဇုန် အထက်နား ရပ်တည်နေတယ်။ ဒါ့အပြင် နယူးကာဆယ်အသင်းအနေနဲ့ အဆိုပါ ၂၃ ပွဲမှာ ရဂိုးက ၂၅ ဂိုးသာရှိပြီး ပေးဂိုးက ၃၈ ဂိုးအထိ ရှိနေတာကြောင့် ယခုနှစ်ရာသီ ပေးဂိုးအဆိုးဆုံး အသင်းထဲမှ တစ်သင်းအဖြစ်ရှိနေတာကိုလည်း သတိပြုရမယ်။ အဆိုပါနှစ်သင်းရဲ့ ဂိုးသမား စွမ်းဆောင်ရည်ကိုကြည့်ရင် ချယ်ဆီးဂိုးသမား မန်ဒီက ၁၉ ပွဲကစားပြီး ဂိုးမပေးရအောင် ၁၀ ပွဲအထိ စွမ်းဆောင်ထားပါတယ်။ နယူးကာဆယ်ဂိုးသမား ကားလ်ဒါးလိုက ၂၃ ပွဲပါဝင် ကစားထားကာ လေးပွဲသာ ဂိုးမပေးရအောင်စွမ်းဆောင်ထားပါတယ်။ ဒီပွဲမှာ နယူးကာဆယ် အသင်းအနေနဲ့ တိုက်စစ်ပိုင်းကိုသာ အားပြုကစားရင် ချယ်ဆီးအသင်းကို နိုင်နိုင်ပါတယ်။

# စပါးအသင်းကို ဂိုးပြတ်အနိုင်ယူခဲ့သည့် မန်စီးတီးအသင်း

ပရီမီယာလိဂ်ပွဲစဉ် (၂၄)အဖြစ် ဂွါဒီယိုလာ၏ မန်စီးတီးအသင်းနှင့် မော်ရင်ဟို၏ စပါးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။

မန်စီးတီးအသင်းသည် အီဒါဆင်၊ ကန်ဆယ်လို၊ လာပေါ်တေး၊ ဇင်ချန်ကို၊ စတုန်းစ်၊ ဆီးလ်ဗား၊ ရိုဒရီ၊ ဂန်ဒိုဂန်၊ ဖိုဒင်၊ ဂျီးဆပ်စ်၊ စတာလင်းစသည့် ကစား သမားများကို အသုံးပြုကာ စပါးအသင်းကို ရင်ဆိုင်ခဲ့သည်။ စပါးအသင်း ကလည်း အင်အားအတောင့်တင်းဆုံးပုံစံဖြစ်သော လော်ရစ်၊ ဒေးဗစ်၊ ဒီယာ၊ ဆန်းချက်ဇ်၊ ဟိုးဘတ်၊ အင်ဒွန်ဘီလီ၊ ဆွန်ဟောင်မင်၊ မော်ရာ၊ လာမယ်လာ၊ ကိန်းစသည့်ကစားသမားများကိုအသုံးပြုကာ မန်စီးတီးအသင်းကို ယှဉ်ပြိုင် လာခဲ့သည်။

မန်စီးတီးအသင်းအတွက် ဂိုးများကို ပထမပိုင်းပွဲချိန် ၂၃ မိနစ်တွင် ရိုဒရီ က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယဂိုးကို ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၅၀ တွင် စတာလင်း၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂန်ဒိုဂန်က သွင်းယူပေးသည်။ တတိယဂိုးကိုလည်း ပွဲချိန် ၆၆ မိနစ်တွင် ဂန်ဒိုဂန်ကပင် သွင်းယူပေးနိုင်သည်။ ဂန်ဒိုဂန်သည် ယခုပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ သောကြောင့် မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်တွင် ၁၈ ပွဲကစားပြီး ၁၁ ဂိုးသွင်းယူထားနိုင်ပြီဖြစ်သည်။ မန်စီးတီးအသင်းသည် ယခုနိုင်ပွဲကြောင့် ရမှတ် ၅၃ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၁) နေရာတွင် ဆက်လက်ရပ်တည် ထားနိုင်သည်။

စပါးအသင်းသည် ယနေ့ပွဲစဉ်တွင် မန်စီးတီးအသင်းကိုအနိုင်ရရှိရန် ပြင်ဆင် လာခဲ့သော်လည်း မထင်မှတ်ဘဲ သုံးဂိုးပြတ် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စပါးအသင်းသည် ယခုပွဲတွင် ရှုံးနိမ့်ခဲ့သောကြောင့် နောက်ဆုံး ယှဉ်ပြိုင်ကစားသည့် ငါးပွဲတွင် ဝက်စ်ဘရွန်းအသင်းကိုသာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး ဘရိုက်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ချယ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အက်ဖ်အေဖလားပြိုင်ပွဲတွင် အဲဗာတန်အသင်းကို ပယ်နယ်တီ အဆုံးအဖြတ်၌ ငါးဂိုး-လေးဂိုး၊ မန်းစီးတီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့် ထားသည်။

မန်စီးတီးအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စပါးအသင်းက ဖေဖော်ဝါရီ ၁၉ ရက်တွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ဝုဖ်ဘာဂါ အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရ မည်ဖြစ်သည်။



■ မိုးဇက်



# စပီဇီယာအသင်းကို အံ့အားသင့်ဖွယ်ရှုံးနိမ့်ခဲ့သည့် အေစီမီလန်

အီတလီစီးရီးအေပွဲစဉ် (၂၂)အဖြစ် စပီဇီယာအသင်းနှင့် အေစီမီလန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပီဇီယာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ စပီဇီယာအသင်းအတွက် ဂိုးများကို ပွဲကစားချိန် ၅၆ မိနစ်တွင် မက်ဂီအိုရီက သွင်းယူပေးပြီး ဒုတိယဂိုးကို ဘတ်စ်တိုနီက ပွဲကစားချိန် ၆၇ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။

နည်းပြ ပီအိုလီသည် ဒွန်နာရမ်မာ၊ ဒါးလော့၊ ကယ်ဟန်နိုလူ၊ အီဗရာဟီမိုဗစ်စသည့် အဓိက ကစားသမားများကို အသုံးပြုကာ ပွဲထွက်လာခဲ့ပြီး စပီဇီယာကို ယှဉ်ပြိုင်လာခဲ့သည်။ သို့သော်လည်း စပီဇီယာအသင်းကို ခြေစွမ်းပိုင်း၊ ဂိုးဖန်တီးမှုအပိုင်း၊ ဂိုးပေါက်ကန်သွင်းမှု အပိုင်းများတွင် မယှဉ်သာသောကြောင့် နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲတွင် အိမ်ရှင် စပီဇီယာအသင်းသည် အေစီမီလန်အသင်းကို ဂိုးပေါက်ကန်သွင်းမှု ၁၇ ကြိမ်အထိရှိခဲ့သော်လည်း အေစီမီလန်အသင်းက ခုနစ်ကြိမ်သာရှိခဲ့သည်။ ထို့အပြင် အေစီမီလန်အသင်းသည် အဆိုပါ ခုနစ်ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှုမရှိသည်ကိုလည်း ထူးခြားစွာတွေ့ရသည်။

စပီဇီယာအသင်းသည် ယခုပွဲစဉ်တွင် အေစီမီလန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သောကြောင့် ၂၀၁၈ ခုနှစ် ဧပြီလနောက်ပိုင်း အေစီမီလန်ကို အနိုင်ရသော ပထမဆုံး တန်းတက်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ အေစီမီလန်အသင်းက ယခုပွဲစဉ်ကို ရှုံးနိမ့်ခဲ့သောကြောင့် နောက်ဆုံးယှဉ်ပြိုင် ကစားထားသည့် ငါးပွဲမှာ သုံးပွဲအထိရှုံးနိမ့်ခဲ့ပြီဖြစ်သည်။ စီးရီးအေအမှတ်ပေးဇယားပြိုင်ပွဲတွင်လည်း စပီဇီယာအသင်းက ၂၂ ပွဲကစား၍ ၂၄ မှတ် ရယူထားနိုင်သည်။ အေစီမီလန်အသင်းက ၂၂ ပွဲကစားပြီး ရမှတ် ၄၉ မှတ် ရရှိထားသည်။

လာမည့်ပွဲစဉ်အဖြစ် စပီဇီယာအသင်းက ဖေဖော်ဝါရီ ၂၀ ရက်တွင် စီးရီးအေ၌ ဖီအိုရင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အေစီမီလန်အသင်းက ဖေဖော်ဝါရီ ၁၉ ရက်တွင် ယူရိုပါလိဂ်ပြိုင်ပွဲအဖြစ် ဇဗက်ဒါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စီးရီးအေပွဲစဉ် (၂၂)၏ အခြားသော ပွဲစဉ်အဖြစ် နာပိုလီအသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့ ပွဲစဉ်တွင် နာပိုလီအသင်းက စူပါဖလား ရှုံးကြွေးပြန်ဆပ်ကာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ယနေ့ပွဲစဉ်တွင် နှစ်သင်းစလုံးအနိုင်ရရှိရန်အတွက် အကောင်းဆုံးပြင်ဆင်လာခဲ့သည်ကို တွေ့ရသည်။ နာပိုလီအသင်းက မာရက်ဖ်၊ လော်ရန်ဇို၊ ဘာကာယိုကို၊ အစ်စီဂနီ၊ လိုဇာနို၊ အိုစင်မန်စသည့်ကစားသမားများကို အသုံးပြုကာ ဂျူဗင်တပ်စ်အသင်းကို ရင်ဆိုင်လာခဲ့သည်။

ဂျူဗင်တပ်စ်အသင်းကလည်း ဆက်ဇီနီ၊ ဒီလစ်၊ ချီယေလာ၊ ချီလီနီ၊ ဘာနာဒက်ချီ၊ စီရော်နယ်ဒို၊ မိုအာတာ စသည့်ကစားသမားကို အသုံးပြုခဲ့ပြီး နာပိုလီအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် ယနေ့ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ဂိုးပေါက်ကန်သွင်းမှုသည် နာပိုလီအသင်းထက်သာလွန်ခဲ့၍ စုစုပေါင်း ၂၄ ကြိမ်အထိရှိခဲ့သည်။ နာပိုလီအသင်းက ဂိုးပေါက်ကန်သွင်းမှု စုစုပေါင်း ရှစ်ကြိမ်သာရှိခဲ့သည်။ နာပိုလီအသင်းသည် အဆိုပါနိုင်ပွဲကြောင့် ၂၁ ပွဲကစားကာ ရမှတ် ၄၀ ရရှိထားသည်။ ဂျူဗင်တပ်စ်အသင်းက ၂၁ ပွဲတွင် ၄၂ မှတ်ရရှိထားသည်။

နာပိုလီအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ဂရန်နာဒါအသင်းနှင့် ဖေဖော်ဝါရီ ၁၉ ရက်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ဖေဖော်ဝါရီ ၁၈ ရက်၌ ပေါ်တိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဘိုလော့ဂ်နာနှင့် ဘီနီဗန်တိုအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျထားသလို တိုရီနိုနှင့် ဂျီနိုအာအသင်းတို့ပွဲစဉ်တွင်လည်း ဂိုးမရှိ သရေဖြစ်သွားသည်။

အောင်ဇော် - စုစည်းသည်

## နောက်ဆုံးရ သတင်းတိုများ

- ရီးရဲမက်ဒရစ်အသင်းသည် မန်စီးတီးအသင်းမှ လာပေါ်တေး၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေပြီး လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အဆိုပါ အသက် ၂၆ နှစ်အရွယ် ပြင်သစ်ခံစစ်ကစားသမားကို ခေါ်ယူသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- လီဗာပူးအသင်းသည် တိုရီနိုအသင်းမှ ဘရာဇီးဗဟိုခံစစ်ကစားသမား ဘရီမာကို ဦးစားပေးခေါ်ယူမည့်ကစားသမားအဖြစ် သတ်မှတ်လိုက်သည်။ အဆိုပါကစားသမား၏ ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၀ သန်းအောက်သာရှိသောကြောင့် အပြောင်းအရွှေ့ဖြစ်မြောက်လာဖွယ်ရှိနေသည်။
- အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ အသက် ၂၄ နှစ်အရွယ် စပိန်ကွင်းလယ်ကစားသမား စီဘယ်လော့စ်ကို အမြဲတမ်းခေါ်ယူမည်ဆိုပါက ပေါင် ၂၂ သန်းပေးချေရဖွယ်ရှိကြောင်း သိရသည်။

## အလာဗက်စ်ကို ဂိုးပြတ်အနိုင်ယူခဲ့သည့် ဘာစီလိုနာ

လာလီဂါပွဲစဉ် (၂၃) အဖြစ် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် အလာဗက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက ထရင်ကာအို၊ မက်ဆီ၊ ဖာပိုတို့၏ သွင်းဂိုးများဖြင့် အလာဗက်စ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုအနိုင်ပွဲကြောင့် အမှတ်ပေးဇယားအဆင့် (၂) နေရာအထိ တက်လှမ်းနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်မှာ ဘာစီလိုနာအသင်း၏ ကစားပုံအထူးကောင်းမွန်ခဲ့ပြီး အလာဗက်စ်အသင်းကို နည်းဗျူဟာပိုင်းအသာ၊ ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ထို့အပြင် ဘာစီလိုနာအသင်းသည် ယခုပွဲစဉ်ကို ဂိုးပြတ်အနိုင်ရရှိခဲ့သောကြောင့် လာလီဂါ ခုနစ်ပွဲဆက် နိုင်ပွဲရရှိခဲ့ခြင်းလည်းဖြစ်သည်။ တိုက်စစ်ကစားသမား မက်ဆီသည် ယခုပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် လာလီဂါ ပွဲ ၂၀ တွင် ၁၅ ဂိုးအထိရှိလာခဲ့ပြီး ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ထားသည်။

အမှတ်ပေးဇယားဦးဆောင်သူ အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ရမှတ်ကွာဟမှု လျှော့ချနိုင်ခဲ့သည့် ဘာစီလိုနာအသင်းအနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပီအက်စ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသောပွဲစဉ်အဖြစ် အီဘာအသင်းနှင့် ဗယ်လာဒိုလစ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်။ ဂီတာဖေးအသင်းနှင့် ရီးရဲဆိုစီဒက်အသင်းတို့ပွဲစဉ်တွင် ရီးရဲဆိုစီဒက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။



# ဆောက်သမ်တန်အသင်းကို ပထမအကျော့ရှုံးကြွေးပြန်ဆပ်ကာ နိုင်ပွဲရယူနိုင်ခဲ့သည့် ဝုဖ်အသင်း



ဝုဖ်အသင်းအတွက် အနိုင်ဂိုးကို တိုက်စစ်မှူး နီတို ဂိုးသွင်းယူပေးပြီး အောင်ပွဲခံနေစဉ်။

ပရီမီယာလိဂ်ပွဲစဉ် (၂၄)အဖြစ် ဆောက်သမ်တန်နှင့် ဝုဖ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဝုဖ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဝုဖ်အသင်းသည် ပထမအကျော့ရှုံးကြွေးကို ပြန်ဆပ်နိုင်ရန်အတွက် ပက်ထရီစီယို၊ ဆာဆစ်၊ ကုတ်ဒီ၊ ဆီမီဒို၊ နီဗက်စ်၊ မော်တင်ဟို၊ ဂျွန်နီ၊ နီတို၊ ဂျို့စ်၊ ထရာအိုရေးစသည်များကို အသုံးပြုကာ ဆောက်သမ်တန်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ဆောက်သမ်တန်အသင်းကလည်း မက္ကာသီ၊ ပီတာ၊ ဘာထရန်၊ ရိုမီယူ၊ ဝပ်ပရောက်စ်၊ အမ်းစ်ထရောင်း၊ ရက်မွန်၊ အင့်စ်တို့ကို အသုံးပြုကာ ဝုဖ်အသင်းကို ရင်ဆိုင်လာခဲ့သည်။

ပထမပိုင်းပွဲကစားချိန် ၂၅ မိနစ်တွင် ဆောက်သမ်တန်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး အမ်းစ်ထရောင်း၏ ဖန်တီးပေးမှုမှတစ်ဆင့် အင့်စ်က သွင်းယူပေးနိုင်ခဲ့သည်။ ဝုဖ်အသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရန် ကြိုးစားလာခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိသောကြောင့် ပထမပိုင်းပွဲချိန်အတွင်း တစ်ဂိုး- ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ ဒုတိယပိုင်းပွဲချိန် ၅၃ မိနစ်အရောက်တွင် ဝုဖ်အသင်းလိုအပ်နေသည့် ချေပဂိုးရရှိခဲ့ကာ ပယ်နယ်တီမှတစ်ဆင့် နီဗက်စ်က အမှားအယွင်းမရှိ ကန်သွင်းယူခဲ့သောကြောင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ဝုဖ်အသင်းသည် ချေပဂိုးရရှိပြီးနောက် ဦးဆောင်ဂိုးရရှိရန် ကြိုးစားလာခဲ့ရာ ပွဲကစားချိန် ၆၆ မိနစ်တွင် နီတိုက သွင်းယူပေးနိုင်ခဲ့၍ ပွဲအပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ဝုဖ်အသင်းက ဦးဆောင်နိုင်ခဲ့သည်။

ယခုပွဲ အနိုင်ရရှိမှုကြောင့် ဝုဖ်အသင်းသည် ၂၄ ပွဲကစားပြီး ရှစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၀ ပွဲရှုံးနိမ့်ထားသဖြင့် ရမှတ် ၃၀ ရရှိထားသည်။ ဆောက်သမ်တန်အသင်းက ၂၃ ပွဲ ကစားပြီး ရှစ်ပွဲနိုင်၊ ငါးပွဲသရေ၊ ၁၀ ပွဲရှုံးနိမ့်ထားသဖြင့် ရမှတ် ၂၉ မှတ်ရရှိထားသည်။

ဝုဖ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် လီဒ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆောက်သမ်တန်အသင်းက အဆိုပါရက်တွင် ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရား၊ စေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများကို ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။**

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး(**ယာပုံ**)၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ လည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိ လည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအဝန်းရှိ အစ္စလမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်






**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ နမ့်စန်မြို့၊ လွိုင်လင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ








## စစ်ကိုင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ဆွမ်းဆန်တော်များ လှူဒါန်း

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ကပ်လှူဒါန်းသော ဆွမ်းဆန်တော်များကို စစ်ကိုင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်ချ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လေးကျွန်းမြေအုဋ္ဌကျောင်းတိုက်အတွင်း ပြုလုပ်သည်။

လှူဒါန်းပွဲတွင် အုဋ္ဌကျောင်းတိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မပီယာလင်္ကာရ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ထို့နောက် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ခဲ့ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အလားတူ တိုက်ဝါကြီးကျောင်း ဦးစီးပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်တွင် ကျေးရွာ ၁၅ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းပြီး ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်း

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများကို ကျေးရွာ ၁၅ ရွာ၌ ဆောင်ရွက်မည်ဖြစ်ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်ထွန်းအောင်နှင့် ဝန်ထမ်းများက ဇန်နဝါရီ ၂၀ ရက်မှ စတင်ကာ စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းများကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ယခုအခါ ပြီးစီးခဲ့ပြီဖြစ်သည်။

"ကျွန်တော်တို့မြို့နယ်မှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာ ၁၅ ရွာဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ကျေးရွာတစ်ရွာကို ငွေကျပ်သိန်း ၁၀၀ နှုန်းနဲ့ ထောက်ပံ့ပေးမှာဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေတွေနဲ့ ကျေးရွာရဲ့ လိုအပ်ချက်တွေကို ဆောင်ရွက်ရာမှာ ကျေးရွာစီမံကိန်း ကော်မတီဝင်တွေအနေနဲ့ ရွာရဲ့ အခက်အခဲတွေ၊ အားနည်းချက်တွေကို ကြိုတင်ရေးဆွဲဖို့ လိုအပ်ပါတယ်။ စီမံကိန်း အကြောင်းအရာတွေနဲ့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွေကိုလည်း ကျေးရွာတွေအရောက် ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးက ပြောသည်။

ကန့်ဘလူမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာများမှာ တမာကုန်း၊ ဖလံချိုင်၊ ကိုးမြို့၊ ညောင်သွယ်၊ ပေကုန်း (မြောက်)၊ မိဿလင်ကုန်း၊ ရွာသာယာ၊ ဖိုကုန်း၊ တင်မော်၊ မယ်ဇလီကုန်း၊ ဥဒအင်း၊ ငါးရာနဲ(မြောက်)၊ကံသာကုန်း၊ယမနေနှင့် ရေရှင်ကျေးရွာများဖြစ်ပြီး ကျေးရွာပြည်သူများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာစီမံကိန်း ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အောင်ဝင်းငြိမ်း (ကန့်ဘလူ)**




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - ဝင်းကျော်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
**ဘာသာပြန် စာတည်း** - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး
**ဓာတ်ပုံ သတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၂ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၅၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၅၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၇၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၉၀/၇၂၅ | ကျပ် | ၇၂၅/၇၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၀၀/၇၄၀ | ကျပ် | ၇၄၀/၇၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၆၈၅ | ကျပ် | ၇၂၀/၇၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ | ကျပ် | ၈၄၅/၈၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၁ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၇ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၆ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၈ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၄ . ၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၇ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၂၆၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၆ . ၆၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၈၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၆၀၀ | ၂၂၀၀ | ၂၁၁၂၀၀၀၀ |
| MTSH | ၃၅၀၀ | ၃၆၀၀ | ၁၄၈၀ | ၅၂၃၅၀၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၅ | ၄၁၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၄၉၇ | ၁၀၉၃၄၅၀၀ |
| TMH | ၂၆၅၀ | ၂၇၅၀ | ၂၂၄ | ၆၀၆၅၀၀ |
| EFR | ၃၃၀၀ | ၃၂၀၀ | ၈ | ၂၅၇၀၀ |

ညီညီ - စုစည်းသည်

# စျေးကွက်မျက်နှာပန်းလှစေမည့် ငရုတ်ကောင်းပင် ပြုစုထိန်းသိမ်းနည်းများ

မြန်မာ့စျေးကွက်တွင်သာမက ကမ္ဘာ့စျေးကွက်လိုလားချက်ပါ များပြားလှသည့် ငရုတ်ကောင်းပင်ကို တွင်ကျယ်စွာစိုက်ပျိုးလာကြပြီဖြစ်သည်။ ငရုတ်ကောင်းပင် ပြုစုထိန်းသိမ်းနည်း လေးမျိုးရှိသည်။

(၁) အပင်ခြေ မြေဖို့ပေးခြင်း

(၂) မြေအစိုဓာတ်ထိန်းခြင်း

(၃) အလင်းနှင့်အရိပ် ပြုပြင်ပေးခြင်း

(၄) ခေါင်ညွှန့် တီနွယ်၊ မြေလျှောက်နွယ် ဖြတ်ပေးခြင်း စတဲ့ ငရုတ်ကောင်းပင် ပြုစုထိန်းသိမ်းနည်းလေးတွေကို အနည်းငယ်တင်ပြလိုပါတယ်။

**အပင်ခြေမြေဖို့ပေးတာကို ဘယ်လိုစလုပ်ရမလဲ**

"မိုးရေတိုက်စားခြင်းနဲ့ မြေဆီမြေဩဇာလျော့သွားခြင်းတွေကြောင့် အပင်ကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ မိုးမကျမီ ငရုတ်ကောင်းပင်ခြေကို တစ်ပေပတ်လည်မှ မြေသားဖြင့် ပင်ခြေကို ခြောက်လက်မမှ ရှစ်လက်မမြင့်တဲ့အထိ မြေဖို့ပေးရပါမယ်။ ဒီလိုလုပ်ပေးမယ်ဆိုရင် ရရှိနိုင်တဲ့ အကျိုးကျေးဇူးတွေကတော့ အပင်ခြေ ရေမတိုက်စားနိုင်ခြင်း၊ မြေဖုံးပေးခြင်းကြောင့် မြေဖုံးထားတဲ့ ငရုတ်ကောင်းပင်အဆစ်တွေမှ မူခြားမြစ် အားကောင်းလာပြီး အပင်အတွက်



အထောက်အကူရရှိခြင်းစတဲ့ အကျိုးတွေရရှိစေပါတယ်။ အပင်ခြေမြေဖို့လို့ ဖြစ်ပေါ်လာတဲ့ အပင်ပတ်လည်ကို ရေဝပ်ကျင်းတွေ မဖြစ်အောင် အထူးဂရုပြုပါ။ ငရုတ်ကောင်းပင်ဟာ ရေဝပ်မခံပါဘူး။ ဒါ့အပြင် မြေဖုံးပြီးပါက သစ်ဆွေးမြေဩဇာ၊ သဘာဝမြေဩဇာ၊ နွားချေး၊ ကြက်ချေးဆွေးတို့ကို ထရိုင်းကိုဒါမားနဲ့ အချိုးကျ ရောစပ်ပြီး ကျွေးပေးသင့်ပါတယ်" ဟု ငရုတ်ကောင်း စီးပွားဖြစ်စိုက်ပျိုးနေသူ ဦးအောင်ဆန်းဦးက ရှင်းပြသည်။

**မြေအစိုဓာတ် ထိန်းသိမ်းပေးနိုင်**

မိုးမကုန်မီ စက်တင်ဘာလဝန်းကျင်မှာ မြေအစိုဓာတ်ထိန်းသိမ်းစေဖို့ လုပ်ဆောင်သင့်ပါတယ်။ အပင်ပတ်လည်က ပေါင်းမြက်တွေကို ရှင်းလင်းပေးပါ။ ရရှိလာတဲ့ ပေါင်းမြက်တွေကို အပင်ခြေရင်းကို ဖုံးအုပ်ပေးပါ။ ဖုံးအုပ်ရင်လည်း အလွန်မထူအောင် ဂရုစိုက်ပေးသင့်ပါတယ်။ လေးလက်မထက် မပိုအောင် ဖုံးအုပ်ပေးသင့်ပါတယ်။ မှိုရောဂါဆေးကို မကြာခဏ ဖျန်းပေးပါ။ မြေဩဇာ ထည့်ချင်ရင်တော့ ဖုံးအုပ်ထားတဲ့ မြက်ခြောက်နဲ့ ပေါင်းမြက်တွေကို ခဏ ဖယ်ရှားပြီး မြေဩဇာထည့်ကာ ပြန်လည်ဖုံးအုပ်ပေးရပါမယ်။ မိုးရွာသွန်းမှု မရှိချိန်မှာ မြေဩဇာထည့်လိုပါက မြက်ခြောက်ဖုံးပြီးနောက် မြက်ခြောက်ပေါ်ကနေ ရေလောင်းပေးသင့်ပါတယ်။

**အလင်းနှင့် အရိပ်ပြုပြင်ပေးပုံ**

"ငရုတ်ကောင်းပင် ကြီးထွားဖွံ့ဖြိုးစေဖို့အတွက်ဆိုရင် သင့်တော်တဲ့ အလင်းရောင်နဲ့ အရိပ်တို့ကို လိုအပ်ချက်ပမာဏအတိုင်း အမြဲပြုပြင်ပေးသင့်ပါတယ်။ နွေရာသီမှာ စိုက်ခင်းမြေ အေးမြစေရေးနဲ့ မြေသားအစိုဓာတ် ထိန်းသိမ်းရေးအပြင် အပင်ကို တိုက်ရိုက်နေရောင်ခြည်ထိတွေ့ပြီး အရွက်တွေ ခြောက်သွေ့သွားတာမျိုး မရှိစေဖို့ ကာကွယ်ပေးသင့်ပါတယ်။ အရိပ်ကို ၅၀ ရာခိုင်နှုန်း ပြုလုပ်ပေးသင့်ပါတယ်။ အသီးအပွင့်တင်တဲ့အချိန် မိုးရာသီနဲ့ ဆောင်းရာသီတွေမှာ အသီး အပွင့် ကောင်းမွန်လာစေဖို့နဲ့ အလင်းရောင်ရရှိစေဖို့ လိုအပ်သလို အလင်းဖွင့်ပေး သင့်ပါတယ်" ဟု စိုက်ပျိုးရေးကျွမ်းကျင်သူတွေက ပြောသည်။

**ခေါင်ညွှန့်တီနွယ်၊ မြေလျှောက်နွယ် ဖြတ်ပေးမယ်**

"ငရုတ်ကောင်းပင် အပင်ကြီးထွားနေချိန်မှာ ခေါင်ညွှန့် နှိမ်ပေးမယ်ဆိုရင် အပင်ထိပ်ပိုင်းက အဆစ်တွေကနေ စလင်းကိုင်းအသစ်တွေ ထွက်လာပါလိမ့်မယ်။ ငရုတ်ကောင်းနွယ်တွေ တွယ်တိုင်ရဲ့ထိပ်ပိုင်းကို ရောက်လာတဲ့အခါမှာ နှစ်ရှည်ပင်ကို တွယ်တိုင်အဖြစ် အသုံးပြုတဲ့အခါတွေမှာ ငရုတ်ကောင်းပင် အမြင့်



၁၂ ပေခန့် အနေအထားကသာ အကောင်းဆုံး အနေအထားဖြစ်ပါတယ်။ ဥပမာ - တွယ်တိုင်ဟာ အမြင့် ၁၂ ပေ သို့မဟုတ် ၁၀ ပေရှိပါတယ်။ ယင်းတွယ်တိုင်ထက် ငရုတ်ကောင်းပင် ပိုမြင့်သွားမယ်ဆိုရင် ကျော်လွန်သွားတဲ့ အညွှန့်အားလုံးကို နှစ်စဉ် ဖြတ်ပေးသင့်ပါတယ်။ ထိပ်ညွှန့်ကိုဖြတ်ပေးရင်းနဲ့ ဘေးညွှန့်တွေ ထွက်ရှိလာစေဖို့ မွေးမြူပေးရပါမယ်။ ထွက်လာတဲ့ ဘေးညွှန့်တွေ အောက်ဘက်ကို ဖြာဆင်းလာပြီး အသီးကောင်းစွာ သီးပွင့်စေမှာပဲ ဖြစ်ပါတယ်။ ငရုတ်ကောင်းပင် အပင်အုံအရွယ်ကြီးမားလာတဲ့အခါ နွယ်ရင့်တွေကို ဖြတ်တောက်ပေးခြင်းဖြင့် ငရုတ်ကောင်းရုံပါးလာပြီး သီးအားပိုလာစေမှာပါ။ အပင်ထိပ်ပိုင်းကနေ ပြန်ပြီးကျလာတဲ့ နွယ်ကို တီနွယ်လို့ ခေါ်ပါတယ်။ အဲဒီနွယ်ကိုဖြတ်ထွက်ပြီး မျိုးပွားလို့ရပါတယ်။ အပင်ခြေရင်းက ထွက်ပေါ်လာတဲ့ နွယ်၊ မြေလျှောက်နွယ် ကိုတော့ ဖြတ်ကို ဖြတ်တောက်ပေးသင့်ပါတယ်။ အဲဒီနွယ်ကတော့ ငရုတ်ကောင်းပင်အတွက် ရောဂါကို ဖိတ်ခေါ်ပေးသလို ဖြစ်နေတာကြောင့်ပါ" ဟု ဦးအောင်ဆန်းဦးက ဆက်လက်ပြောပြသည်။

**နန်းထက်ထက်ချစ်**

# မင်းဘူးဒေသထွက် ပြောင်းဖူးများ စျေးကောင်းရ

**မင်းဘူး ဖေဖော်ဝါရီ ၁၄**

ပြောင်းဖူးပင်များသည် မြေကြီး အစိုဓာတ်ရှိပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ယခုနှစ် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးလုပ်ကိုင်သူများ အနေဖြင့် စျေးကောင်းရရှိကြောင်း သိရသည်။

ပြောင်းဖူးများတွင် ဖူးစားပြောင်း၊ နံ့စားပြောင်း၊ ပြောင်းကြမ်းဟူ၍ သုံးမျိုးရှိပြီး ဖူးစားပြောင်းတွင်လည်း သကြားပြောင်းနှင့် ပြောင်းစေးဟူ၍ နှစ်မျိုးရှိသေးသည်။ သကြားပြောင်းနှင့် ပြောင်းစေးများမှာ စျေးတူဖြစ်ပြီး တစ်ဖူးလျှင် လက်လီစျေးငွေကျပ် ၁၃၀ အထိရှိသဖြင့် အခြားသီးနှံများထက် ပို၍တွက်ခြေကိုက်ကြောင်း သိရသည်။

အခြားသီးနှံများမှာ သီးနှံများ ပေါ်စတွင်သာ စျေးကောင်းရရှိကြသော်လည်း နောက်ပိုင်းတွင် စျေးနှုန်းများ ပြန်လည်ကျဆင်းသွားတတ်သဖြင့် စိုက်ပျိုးသူများ အဆင်မပြေဖြစ်ကြသည်။ ပြောင်းဖူးစျေးကွက်မှာ မိုးဦးပြောင်းဖူးများပေါ်ချိန်မှာ တစ်ဖူးလျှင်ငွေကျပ် ၈၀/၁၀၀ စျေးသာရောင်းရသော်လည်း ယခုအချိန်အထိ စျေးကောင်းမြဲဖြစ်ပြီး စိုက်ခင်းများ နုတ်သိမ်းပြီးသူများနှင့် ဆောင်းတွင်း စိုက်ပျိုးသူနည်းပါးသဖြင့် တစ်ဖူးလျှင် ငွေကျပ် ၁၂၀/၁၃၀ ရောင်းရသဖြင့် ပို၍ပင် စျေးကောင်းသေးသည်။

ဆောင်းသီးနှံအဖြစ် စိုက်ပျိုးလုပ်ကိုင်သူများသည် စိုက်ပျိုးသည့် မြေကောင်း၍ မြေအောက်ရေများဖြင့် ရေသွင်းပြီး စိုက်ပျိုးလုပ်ကိုင်ကြသော်လည်း မိုးတွင်းကာလလောက် အပင်ဖြစ်ထွန်းမှု မရှိတော့ပေ။ သို့သော် စျေးကောင်းရကြသဖြင့် အဆင်ပြေကြောင်း မင်းဘူး (စကု) မြို့နယ် ကျောက်တန်းကျေးရွာ ပြောင်းစိုက် တောင်သူများထံမှ သိရသည်။ **ဇေယျာထက် (မင်းဘူး)**





# မိုင်းယောင်းတွင် ရွှေပဲရွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် တောင်သူတို့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော ရွှေပဲရွက် စိုက်ခင်းများမှာ ရှင်သန်ပြီး ဝေဝေဆာဆာရှိနေကြသည်ကို တွေ့ရသည်။

မိုင်းယောင်းမြို့နယ်အတွင်းရှိ တောင်သူအများစုမှာ ရွှေပဲရွက်ကို မိသားစု အပိုဝင်ငွေ ရရှိစေရေးအတွက် အဓိကထား စိုက်ပျိုးကြသည်။ ရွှေပဲရွက်ကို တန်ဆောင်မုန်းလတွင် စတင်စိုက်ပျိုးကြပြီး နတ်တော်လ၊ ပြာသိုလ၊ တပို့တွဲလတို့တွင် အများဆုံး စိုက်ပျိုးကြသည်။ ရရှိသည့် ရွှေပဲရွက်များကို စျေး၊ ခေါက်ဆွဲဆိုင်များသို့ သွားရောက်ရောင်းချကြသည်။

"ကျွန်တော်တို့ တောင်သူတွေက ရွှေပဲရွက်ကို အဓိကအားထား စိုက်ပျိုးကြရတာက မိသားစု အပိုဝင်ငွေ ရရှိစေရေးနဲ့ မီးဖိုချောင်အသုံးစရိတ်ကို ကာမိအောင် စိုက်ကြတာပါ။ ရွှေပဲရွက်ပေါ်ချိန်မှာ တစ်ပုံလျှင် ငွေကျပ် ၁၀၀ ရပါတယ်။ တချို့လည်း ခြံထဲအထိ လာရောက်ဝယ်ယူတာတွေလည်း ရှိပါတယ်" ဟု တောင်သူကြီးတစ်ဦးက ပြောသည်။

ရွှေပဲရွက်ကို ရှမ်းခေါက်ဆွဲ၊ ဟင်းရည်၊ တို့စရာ၊ ခေါက်ဆွဲနွဲ့တို့တွင် မိမိကြိုက်နှစ်သက်သလို အမျိုးမျိုး အလွယ်တကူ ပြုလုပ်စားသုံးနိုင်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ် အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ဝက်ခြံများနှင့် သားငါးစျေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အိမ်မွေးဝက်များကိုအပူပြင်းပြင်းဖြင့် ချက်ပြုတ်ထား ခြင်း မရှိသောစားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊

(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊

(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်း သတင်းပို့ရန်၊

(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# တောင်သာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**တောင်သာ ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် တောင်သာမြို့နယ်အတွင်းရှိ သာယာမြိုင်ကျေးရွာနှင့် ချောင်းဆုံ(လ)ကျေးရွာ ရေပေးရေးလုပ်ငန်းများကို JICA အစီအစဉ်ဖြင့်လည်းကောင်း၊



ကျောက်တလုံးကျေးရွာ၊ ညောင်ဒိုကျေးရွာ၊ ကိုင်းကျေးရွာ၊ ကိုင်းပတကြီးကျေးရွာနှင့် သာစည်ကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ၊ နတ်စောင့်ကျေးရွာ ကျောက်ကြီးစီဂျင်းခင်းခြင်းနှင့် ရေကျော်တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများ၊ ကျောင်းစုကျေးရွာ ရေပေးရေးလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အပြီးအကောင်အထည်ဖော် ဆောင်ရွက်ပေးရာ အဆိုပါလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ထားမှု ရှိ မရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးနှင့် တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



## မိုင်းဖြတ်မြို့ ကွက်သစ်ရပ်ကွက်၌ အာခါရိုးရာချည်ထည်ထိုးခြင်းလုပ်ငန်း တွင်ကျယ်လျက်ရှိ

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် အာခါတိုင်းရင်းသားတို့၏ ရိုးရာအဝတ်အထည် အသုံးအဆောင်များတွင် အသုံးပြုဝတ်ဆင်ကြသည့် အာခါရိုးရာလက်မှု ချည်ထည်ထိုးခြင်းလုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိကြောင်း အဆိုပါ အာခါချည်ထည်ထိုးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထံမှ သိရသည်။

အဆိုပါ အာခါချည်ထည်ထိုးသည့်လုပ်ငန်းကို ယနေ့ခေတ်တွင် လူအများက လက်မှုအနုပညာဖြင့် တွင်ကျယ်စွာ လုပ်ကိုင်လာကြပြီး မိသားစုဝင်ငွေများကိုလည်း တစ်ဖက်တစ်လမ်းက ရရှိကြောင်း၊ ရိုးရာချည်ထည်များကို လက်မှုအနုပညာဖြင့် သေသပ်လှပစွာ ထိုးရကြောင်း သိရသည်။

"ဒီလိုထိုးတဲ့အခါမှာ တိုင်းရင်းသားရိုးရာအသုံးအဆောင်တွေဖြစ်တဲ့ အမျိုးသား၊ အမျိုးသမီးဝတ် အဝတ်အထည်၊ လွယ်အိတ်၊ ခြုံပဝါတွေပေါ်မှာ လက်မှုအနုပညာနဲ့ ထိုးတာဖြစ်ပါတယ်။ ဈေးနှုန်းကတော့ တစ်ယောက်နဲ့ တစ်ယောက်မတူကြပါဘူး၊ ချည်အကျဲအစိပ်ပေါ် မူတည်ပြီးထိုးရသလို ဒီဇိုင်းကာလာနဲ့ အရောင်အသွေး လိုက်ဖက်အောင် သုံးတဲ့အပေါ်မူတည်ပြီး လေးသောင်း၊ ငါးသောင်းယူပါတယ်။ ချည်ကျဲရင်မြန်မြန်ပြီးသလို ချည်စိပ်ရင် အချိန်ကြာတဲ့အတွက် ဈေးနှုန်းကကွာတာဖြစ်ပါတယ်။ အမျိုးသမီးဝတ် ဝမ်းဆက်ဆိုရင်တော့ ငွေကျပ် ခြောက်သောင်းလောက်ယူပါတယ်။ ဖွဲ့ရှိရှိနဲ့တော့ ထိုးရပါတယ်။ အာခါချည်ထည်ထိုးတာကို ယနေ့ခေတ်မှာ မိန်းကလေးတချို့ လူတော်တော်များများ ထိုးကြပါတယ်" ဟု မလေးအားက ပြောသည်။

အဆိုပါ လက်မှုအနုပညာများဖြင့်ထိုးပြီး ရရှိလာသည့် အာခါချည်ထည် အဝတ်အထည်များကို အာခါတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များဖြစ်သည့် ဒန်းစီးပွဲတော်၊ နှစ်သစ်ကူးပွဲတော်၊ ကောက်သစ်စားပွဲတော် စသည့် ရိုးရာပွဲတော်များတွင် ဝတ်ဆင်လေ့ရှိကြပြီး ယနေ့ခေတ်တွင် စက်ထိုး၊ လက်ထိုးနှစ်မျိုးရှိပြီး လက်ဖြင့် ထိုးသည့် ချည်ထည်များကို လူအများ နှစ်သက်ကြကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**


# မိမိကိုယ်တိုင်က ရောဂါဖြန့်ဖြူးသူမဖြစ်ပါစေနဲ့




မိမိကိုယ်တိုင်က ရောဂါပိုးဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်။
ရောဂါပိုးဖြန့်ဖြူးမိတဲ့သူမဖြစ်ပါစေနဲ့။ စည်းကမ်းတွေကို လိုက်နာတာက သင်ကိုယ်တိုင်အပြင် အခြားသူများကိုလည်း ရောဂါကူးစက်မယ့် အန္တရာယ်ကနေ ကာကွယ်ပြီးသားဖြစ်မှာပါ။ သင့်မှာ COVID-19 ရောဂါလက္ခဏာတွေ ရှိနေတယ်ဆိုရင် အခြားသူတွေ မကူးစက်အောင် အိမ်မှာပဲ တတ်နိုင်သမျှနေပါ။ ကိုဗစ်ကို အတူတိုက်ထုတ်ကြပါစို့။


## အသိပေးကြေညာခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်တွင်းပြည်ပသို့ ခရီးသွားလာမည့် ပြည်သူများအနေဖြင့် COVID-19 ရောဂါ ရှိ/မရှိ စစ်ဆေးခြင်းကို လွယ်ကူစွာ စစ်ဆေးဆောင်ရွက်နိုင်ရန် မင်္ဂလာဒုံမြို့နယ် ပြည်လမ်းမကြီးပေါ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Yangon Airport Molecular Lab တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စံလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**

# ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၁၉၇၃ ခုနှစ်ဇူလိုင်လမှစတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။

နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "လူမှုမီဒီယာ၏ အခန်းကဏ္ဍ" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင် (ဖေဖော်ဝါရီလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင်တွင် ရဲမြင့်ကျော်၊ မြနှင်း၊ ယဉ်မင်းထွေး (စာပေဗိမာန်)၊ အမရာလင်းတို့၏ "လူမှုမီဒီယာ၏ အခန်းကဏ္ဍ" မျက်နှာဖုံးဆောင်းပါးများ၊ နေမျိုးနိုင်၊ မောင်ပေါ်ထွန်း၊ ထင်ဇော်မှူးသင်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ လင်းထက်သော်တာ၊ ကိုကိုတင်(တရားလွှတ်တော်ရှေ့နေ)တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ မြသိန်း၊ ချိုးငှက်(သံတွဲ)တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာ ခင်မောင်ညို၊ ထီလာစိုးမြင့်ထယ်၊ ကျော်ရှင်းတို့၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ပါမောက္ခ ဦးသိန်းလှိုင်၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ စိုးစိုး(ပန်းတောင်း)၊ ခြယ်မှုန်းသီ၊ ကိုရင်ကျော်၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းမော်၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ မော်(သန်လျင်)တို့၏ ဖြစ်ရပ်မှန်၊ ဝတ္ထုတို၊ ဟာသနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund)

OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း

(၂၉-၁-၂၀၂၁ ရက်နေ့)

*ယမန်နေ့မှအဆက်*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ငွေပမာဏ |
|---|---|---|
| ၄၈၅ | Shri Kunj Bihari & Family, (K. B. General Store) (ဖြူးမြို့) | ၁၂၀,၀၀၀ |
| ၄၈၆ | Shri K Arjun @ Ko Ye Aung + Smt. Mohinishwari & Family (ကျောက်တံတားမြို့နယ်) | ၁၁၁,၁၅၀ |
| ၄၈၇ | Shri Sanjay Kumar + Smt. Chanda Kumari Verma & Family (သန်လျင်မြို့နယ်) | ၁၁၁,၀၀၀ |
| ၄၈၈ | Shri Parasnath Verma + Smt. Phulwanti Devi & Family (ကျောက်တံတားမြို့နယ်) | ၁၁၁,၀၀၀ |
| ၄၈၉ | Shri Ramdev Gupta & Family (မြစ်ကြီးနားမြို့) | ၁၁၁,၀၀၀ |
| ၄၉၀ | Shri Birendra Jyoti & Family, Gold Star Mini Mart (ကျောက်တံတားမြို့နယ်) | ၁၁၁,၀၀၀ |
| ၄၉၁ | Shri Shrinivas Adhvaryu, Star City (သန်လျင်မြို့နယ်) | ၁၁၁,၀၀၀ |
| ၄၉၂ | Shri Kalhasti Pancha Lingeshwar Shiv Temple, Yadanazay (သဃ်န်းကျွန်းမြို့နယ်) | ၁၁၁,၀၀၀ |
| ၄၉၃ | Shri Ram Dev Gupta & Family (မြစ်ကြီးနားမြို့) | ၁၁၁,၀၀၀ |
| ၄၉၄ | Shri Rajpati + Smt. Moti Devi & Family, Kyaw Cold Drink (ကျောက်တံတားမြို့နယ်) | ၁၁၁,၀၀၀ |
| ၄၉၅ | I - Tach Mobile Shop (ကျောက်တံတားမြို့နယ်) | ၁၁၁,၀၀၀ |
| ၄၉၆ | Shri Jai Prakash & Family,J.K.Gold,Silver & Medical Shop (ကျောက်တံတားမြို့နယ်) | ၁၁၁,၀၀၀ |
| ၄၉၇ | Shri V. Tamilarasan (ကျောက်တံတားမြို့နယ်) | ၁၁၁,၀၀၀ |
| ၄၉၈ | In the Memory of parent, by Shri Nand Kishore Bhaiyaji, Brothers & Sisters (သဃ်န်းကျွန်းမြို့နယ်) | ၁၁၁,၀၀၀ |
| ၄၉၉ | Shri Anil Bagadia & Family (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၅၀၀ | Shri Ram Lal & Family, Kyaw Iron Shop (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၀၁ | Shri Shaktivel @ Angu & Family (တ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၀၂ | Shri Smt. Ashok Sawarthia & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၀၃ | Shri Ram Milan Jaiswal (Raju) & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၀၄ | Ravi Shukla @ Sun Ko Mg Mg & Family (ပုဇွန်တောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၀၅ | Shri Shyam Lal & Family (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၀၆ | Shri Sanjay Kumar & Family, Light Computer (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၀၇ | U Maung Soe & Family, Shwe Thara Phu General Store (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၀၈ | Shri Rajdev + Smt. Rajmati Devi Paal & Family (မင်္ဂလာဒုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၀၉ | Shri Rajendra Pant + Smt. Rukmini Devi & Family (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၀ | Shri Satyanarayan + Smt. Saraswati Devi & Family (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၁ | Shri Ram Pujan + Smt. Raj Moti Devi & Family (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၂ | Shri Hare Ram + Smt. Hewanti Devi & Family (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၃ | Rama Kant + & Family (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၄ | Shri Sadanand Singh & Family (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁၅ | Shree Shree Dandu Mariyamma Temple Trust Youth Relife Group (မော်လမြိုင်မြို့) | ၁၀၀,၀၀၀ |
| ၅၁၆ | G. Krishna Rao + Smt. G. Krishna Veni & Family (မော်လမြိုင်မြို့) | ၁၀၀,၀၀၀ |
| ၅၁၇ | Shri G. Shankar Rao + Smt. G. Laxmidevi & Family, Shankal Video (မော်လမြိုင်မြို့) | ၁၀၀,၀၀၀ |
| ၅၁၈ | Shri Gyan Bhushan Agrahari & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၁၉ | Ravi Kumar & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၂၀ | Bedh Lal Bohra & family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၂၁ | Sumeru Lal & family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၂၂ | Sunita Sindhwani & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၂၃ | Ramesh Kumar & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၂၄ | Rajan Jaiswal & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၂၅ | Krishna Chand & Family, K.C. Gold Shop (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၂၆ | Devanand & Family , Aung Myitta (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၂၇ | Sanjay Kumar & Family, Ta Ta Aluminium (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၂၈ | Ram Avadhesh & Family, AKSK General Store (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၂၉ | Anil Kumar & Family, Kabar Kyaw Electrical Shop (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၃၀ | Rakesh Kumar & Family, Hla Win Aung Motor Parts (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၃၁ | Pradeep Kumar & Family, Kyaw Hton Pho (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၃၂ | Sushil Chand & Family, Naing Car work Shop (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၃၃ | Anand Bihari & Family, Pan Thi Shoes Shop (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၃၄ | In the fond Memory of parents U Thein maung + Smt. Shamala Devi by Doughter Daw Kathleen Thein @ Kalpana Kumari (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၅၃၅ | Shri Mahavir + Smt. Basanti Devi & Family, 7th Street Store (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၃၆ | Shri Ram Kishun & Family, Kyaw Kyaw Gold Shop (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၃၇ | Ko Kyaw Thu & Family, Aung Mingalar Store (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၃၈ | Shri Ram Bihari & Family, Mingalar Store (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၃၉ | Shri Ram Bihari & Family, Ko Aye Lwin General Store (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၄၀ | Dr. Santosh Kumar & Family, 4th Street (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၄၁ | Shri Vijay Kumar & Family, PD Medical Shop (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၄၂ | Shri Ratansh Kumar & Family, Lalay Medical Shop (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၄၃ | Shri Vijay Lal & Family, City Light Brother Co.,(ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၄၄ | Shri Suraj Prasad & Family, Lime & Concrete Meterial (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၄၅ | Shri Munna & Family, Hman Chay Electrical Shop (ဖြူးမြို့) | ၁၀၀,၀၀၀ |
| ၅၄၆ | Shri Rajesh Sawarthia & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၄၇ | Smt. Tilak Chand & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၄၈ | Smt. R. K. Pandey & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၄၉ | Shri Kishore Gupta & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၅၀ | Shri Dharam Prakash Verma & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၅၁ | Shri Sumeru Lal & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၅၂ | Shri Sanjay Verma & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၅၃ | Shri Arun Chand & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၅၄ | Shri Suresh Jaiswal & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၅၅ | Shri Shyam Verma & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၅၆ | Shri Dharam Dev Chaudhari & Family (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၅၅၇ | Shri Babu Lal & Family, Myo Taw Shose Shop (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၅၈ | Shri Hari + Smt. Thidawati Devi & Family, Kyaw Gyi Hardwar Shop, Myo Chaung (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၅၉ | Shri Hare Ram + Smt. Sunita Devi & Family, Myo Chaung (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၆၀ | Shri Ram Milan Jaiswal & Family (မြစ်ကြီးနားမြို့) | ၅၁,၀၀၀ |
| ၅၆၁ | Shri Vijay Kumar + Smt. Vidyawati Devi & Family (ကျောက်တံတားမြို့နယ်) | ၅၁,၀၀၀ |
| ၅၆၂ | Shri Jitendra + Smt. Basanti Devi & Family (ကျောက်တံတားမြို့နယ်) | ၅၁,၀၀၀ |
| ၅၆၃ | Shri Ashok Kumar & Family, Sun Electrical shop (ဖြူးမြို့) | ၅၁,၀၀၀ |
| ၅၆၄ | Shri Bhola Prasad & Family, Aung Myint Moy (ဖြူးမြို့) | ၅၁,၀၀၀ |
| ၅၆၅ | U Maung Sein & Family, Ta Cha General Store (ဖြူးမြို့) | ၅၁,၀၀၀ |
| ၅၆၆ | Shri Manoj Kumar & Family, Lalu General Store (ဖြူးမြို့) | ၅၁,၀၀၀ |
| ၅၆၇ | Shri Ramesh Kumar & Family, Glass Shop (ဖြူးမြို့) | ၅၁,၀၀၀ |
| ၅၆၈ | Ko Tin Myint & Family (ဖြူးမြို့) | ၅၁,၀၀၀ |
| ၅၆၉ | Ko Soe Tint & Family (ဖြူးမြို့) | ၅၁,၀၀၀ |
| ၅၇၀ | Shri Sushil Gupta & Family (မြစ်ကြီးနားမြို့) | ၅၁,၀၀၀ |
| ၅၇၁ | Shri Mahesh Jaiswal & Family (မြစ်ကြီးနားမြို့) | ၅၀,၁၀၀ |
| ၅၇၂ | Shri Krishna & Smt. Nilar Agarwal & Family (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၅၇၃ | Shri Sona Pati & Family (ကျောက်တံတားမြို့နယ်) | ၅၀,၀၀၀ |
| ၅၇၄ | Shri Jagadish Prasad & Family (ကျောက်တံတားမြို့နယ်) | ၅၀,၀၀၀ |
| ၅၇၅ | Shri Rama Kant & Family (ကျောက်တံတားမြို့နယ်) | ၅၀,၀၀၀ |
| ၅၇၆ | Shri Binay Kumar + Smt. Sunita Devi & Family (Lucky) (ကျောက်တံတားမြို့နယ်) | ၅၀,၀၀၀ |
| ၅၇၇ | Shri Tilak Chand & Family (မြစ်ကြီးနားမြို့) | ၅၀,၀၀၀ |
| ၅၇၈ | Shri Krishna Chand & Family (မြစ်ကြီးနားမြို့) | ၅၀,၀၀၀ |
| ၅၇၉ | Shri Moti Lal Gupta & Family (မြစ်ကြီးနားမြို့) | ၅၀,၀၀၀ |
| ၅၈၀ | Shri Krishna Lal +Smt. Prabhawati Devi & Family (ကျောက်တံတားမြို့နယ်) | ၅၀,၀၀၀ |
| ၅၈၁ | Smt. Raj Kumari Devi & Family, Aung Electrical Shop (ဖြူးမြို့) | ၅၀,၀၀၀ |
| ၅၈၂ | Shri Sunil Kumar & Family, Construction Meterial (ဖြူးမြို့) | ၅၀,၀၀၀ |
| ၅၈၃ | Shri Jai Ram & Family, Butter Shop (ဖြူးမြို့) | ၅၀,၀၀၀ |
| ၅၈၄ | Smt. Shiv Shankar & Family (မြစ်ကြီးနားမြို့) | ၅၀,၀၀၀ |
| ၅၈၅ | Shri Bimal Kumar Bhangar & Family (မြစ်ကြီးနားမြို့) | ၅၀,၀၀၀ |
| ၅၈၆ | Shri Vijay Kumar & Family (မြစ်ကြီးနားမြို့) | ၅၀,၀၀၀ |
| ၅၈၇ | Smt. Moti Ram & Family (မြစ်ကြီးနားမြို့) | ၅၀,၀၀၀ |
| ၅၈၈ | Shri D.Appala Swami & D.Simaha Challamma & Family (ရန်ကုန်မြို့) | ၄၄,၀၀၀ |
- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာသက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဗန်းမောက်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့သော ကွန်ကရစ်တံတားငါးစင်း ဖွင့်လှစ်

**ဗန်းမောက် ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် စီးမော်ကျေးရွာအုပ်စု သောင်ကြီးကျေးရွာ၌ ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့သော ကွန်ကရစ်တံတား ငါးစင်း တည်ဆောက်မှုများ ပြီးစီးသွား၍ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပသည်။

တံတားဖွင့်ပွဲတွင် စီးမော်ကျေးရွာအုပ်စု သံဃနာယက ပန်းတင်ကျောင်းတိုက်ဆရာတော်နှင့် သောင်ကြီးကျောင်းတိုက်ဆရာတော်တို့ ဦးဆောင်သော သံဃာတော် ၁၀ ပါးက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပေးပြီးနောက် ကျေးရွာတာဝန်ခံ ဦးစံဝင်းနှင့် ရပ်မိရပ်ဖများက တံတားများကို ဖွင့်လှစ်ပေးသည်။

အဆိုပါ တံတား ငါးစင်းကို ၂၀၂၀ ဒီဇင်ဘာ ၂၆ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး အရှည် ပေ ၄၀၊ အကျယ် ၈ ပေ တံတားတစ်စင်း၊ အရှည် ပေ ၃၀၊ အကျယ် ၄ ပေ တံတားလေးစင်းဖြစ်ကာ ဆောက်လုပ်ရေးတာဝန်ခံ ဦးမျိုးမင်းထက်နှင့်အဖွဲ့က တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး စေတနာရှင် အလှူရှင်များနှင့် ဒေသခံများ၏ ထည့်ဝင်ငွေကျပ် ၆၇ သိန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားများ တည်ဆောက်ပြီးစီးသွား၍ ဗန်းမောက်မြို့နယ် စီးမော်ကျေးရွာအုပ်စုနှင့် အင်းတော်မြို့နယ် သီလရွကျေးရွာအုပ်စုတို့ကြား၌ ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်သည်။ **လှိုင်ဘွား(ဗန်းမောက်)**

## ရေစကြိုမြို့နယ်၌ ကုလားပဲနှင့်အတူ သီးထပ်စိုက်ပျိုးသည့် နေကြာများ အောင်မြင်ဖြစ်ထွန်းနေ

**ရေစကြို ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် စိုက်ပျိုးသော ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသလို ကုလားပဲနှင့်အတူ သီးထပ်စိုက်ပျိုးထားသည့် နေကြာစိုက်ခင်းများလည်း အောင်မြင်လျက်ရှိ၍ ထိုသီးနှံများပေါ်ပြီး ရောင်းချချိန်တွင် ဈေးကောင်းရရှိရန်အတွက်သာ မျှော်လင့်နေကြကြောင်း ဒေသခံ ကုလားပဲစိုက်တောင်သူများထံမှ သိရသည်။

ရေစကြိုမြို့နယ်အတွင်းမှ ကျွန်းတောင်သူများသည် မြစ်ရေကျချိန်တွင် ကုလားပဲ အများအပြားကို စိုက်ပျိုးကြပြီး ကုလားပဲနှင့်အတူ ကုလားပဲထက် စောပေါ်သည့် နေကြာနှင့် အခြားပဲအမျိုးမျိုးကိုလည်း သီးထပ်သီးညှပ် စိုက်ပျိုးကြကြောင်း၊ မြစ်ရေကျချိန်တွင် စိုက်ပျိုးသည့်အတွက် သီးနှံနှစ်မျိုးလုံး အောင်မြင်ဖြစ်ထွန်းကာ ယခုနှစ် ကုလားပဲဈေးနှုန်းမှာလည်း မနှစ်ကထက် ဈေးနှုန်းပိုရနေသောကြောင့် ကုလားပဲစိုက်ပျိုးသူများ အဆင်ပြေနေကြကြောင်း ရေစကြိုမြို့နယ် ဗလဗကျေးရွာမှ ကုလားပဲစိုက်တောင်သူ ဦးဖိုးကျော်က ပြောသည်။

ရေစကြိုမြို့နယ်တွင် ကုလားပဲကို မြစ်ရေကျချိန်၊ ကျွန်းမြေပေါ်ချိန်များတွင် ကျွန်းမြေများပေါ်၌ အများဆုံး စိုက်ပျိုးလေ့ရှိကာ ကုန်းခြောက်များတွင်လည်း စိုက်ပျိုးကြ၍ ကုလားပဲပေါ်ချိန်များမှာလည်း မတူကြကြောင်း ကုလားပဲစိုက်တောင်သူ ဦးဇော်ဝင်းက ရှင်းပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ကုလားပဲအဖြူ လုံးကြီးနှင့် လုံးသေး နှစ်မျိုးလုံး စိုက်ပျိုးကြပြီး ဈေးနှုန်းမှာ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ရရှိကာ ယမန်နှစ်က ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် ကျပ် ၂၆၀၀၀ သာ ရရှိခဲ့ကြောင်း၊ ကုလားပဲဖြူလုံးကြီးအသစ်မှာ တစ်တင်းလျှင် ကျပ် ၂၆၅၀၀ ရရှိနေပြီး ပြီးခဲ့သည့်နှစ်က တစ်တင်းလျှင် ကျပ် ၂၄၅၀၀ သာ ရရှိခဲ့ကြောင်း၊ ရေစကြိုမြို့နယ်မှ ကျွန်းမြေစိုက် ကုလားပဲများမှာ ယခုနှစ်တွင် ယခင်နှစ်ထက် အောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်း ပိုမိုနိုင်သလို လက်ရှိအချိန်တွင် ပြီးခဲ့သည့်နှစ်ကထက် ဈေးနှုန်းပိုရနေသဖြင့် ကုလားပဲစိုက်ပျိုးသည့် တောင်သူများအနေဖြင့် အဆင်ပြေနေကြကြောင်း သိရသည်။

ရေစကြိုမြို့နယ်အတွင်း၌ ဗလဗ၊ ဆင်ကြို့၊ ကြျူရွာ၊ ကျော်ထင်ကုန်း၊ မထီး၊ အင်းမ၊ ငါးမြွာလေး၊ ငါးမြွာကြီးနှင့် ဇယမ ကျေးရွာများသည် မြစ်ရေကျချိန်တွင် ကုလားပဲနှင့် သီးထပ်သီးညှပ် သီးနှံများကို အများဆုံးစိုက်ပျိုးသည့် ကျေးရွာများဖြစ်ကြောင်း သိရသည်။ **မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## ဒလမြို့နယ်၌ ပြည်သူများလှူဒါန်းငွေဖြင့် ကျေးရွာမီးသဂြိုဟ်စက် ဆောက်လုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် ညောင်ချောင်းကျေးရွာ၌ ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် မီးသဂြိုဟ်စက်သစ်ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မီးသဂြိုဟ်စက်ကို ညောင်ချောင်းကျေးရွာနှင့် ချောင်းဦးကျေးရွာကြားရှိ သုသာန်မြေတွင် ဆောက်လုပ်နေခြင်းဖြစ်ပြီး အဆိုပါ သုသာန်မြေနေရာကို ညောင်ချောင်းကျေးရွာနေ အဘိုး ဦးသန့်-အဘွား ဒေါ်ရွှေအုံ မိသားစုက လှူဒါန်းကြောင်း၊ မီးသဂြိုဟ်စက် ဆောက်လုပ်ရန်အတွက် ကျပ်သိန်း ၁၇၀ ခန့် ကုန်ကျမည်ဖြစ်ကာ ညောင်ချောင်းကျေးရွာဆရာတော် ဦးဇဋိလ၏ သြဝါဒကို ခံယူ၍ ကျေးရွာတာဝန်ရှိသူ ဦးထွန်းထွန်းဇော်နှင့် ရပ်မိရပ်ဖများက ဦးဆောင်ပြီး အများပြည်သူ လှူဒါန်းငွေများဖြင့် ဆောက်လုပ်နေကြောင်း သိရသည်။

"လှူဒါန်းငွေ ထည့်ဝင်တဲ့ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်။ မီးသဂြိုဟ်စက် ဆောက်လုပ်ပြီးရင် ပိုတဲ့အလှူငွေတွေကို နာရေးပို့ဆောင်တဲ့ ယာဉ်တွေ သွားလာနိုင်ဖို့ ကွန်ကရစ်လမ်းခင်းတာ ဆက်လုပ်သွားပါမယ်"ဟု ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **မောင်ယဉ်ဦး(ဒလ)**

## မင်းဘူးမြို့ သမိုင်းဝင် ရှင်ပင်စက္ကိန္ဒ စေတီတော်မြတ်ကြီး



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့သည် နိုင်ငံတကာ ခရီးသွားများ စိတ်ဝင်စားကြသည့် ယဉ်ကျေးမှုနယ်မြေဖြစ်ပြီး ခရီးသွားများ လေ့လာစရာ အထင်ကရနေရာများစွာရှိသည့် မြို့လည်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီအချိန်ကဆိုလျှင် မင်းဘူးမြို့ရှိ ရွှေစက်တော်ဘုရား၊ ရှင်ပင်စက္ကိန္ဒ စေတီ၊ ဓာတ်တော်ကုန်းဘုရား၊ ရှင်မင်းဘူးဘုရား၊ အောက်ကျောင်းဘုရား၊ နဂါးပွက်တောင် စသည့် အထင်ကရ နေရာများသို့ ပြည်တွင်းဘုရားဖူးနှင့် ပြည်ပမှ ခရီးသည်များက ကား၊ မြင်းလှည်း၊ သုံးဘီးများဖြင့် လှည့်လည်ဖူးမြော် လေ့လာခြင်းများ ပြုလုပ်လေ့ရှိကြသည်။

အဆိုပါ အထင်ကရ နေရာများထဲတွင် အပါအဝင်ဖြစ်သည့် ရှင်ပင်စက္ကိန္ဒ စေတီတော်ကြီးသည် မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက် ရေဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည်။ စေတီတော် သမိုင်းအရ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သုနာပရန္တတိုင်းမှ စန္ဒကူးနံ့သာ ကျောင်းတော်ရာကြီးကို အလှူခံတော်မူပြီးနောက် သာဝတ္ထိပြည်သို့ ပြန်ကြွခဲ့ကြောင်း၊ ပြန်ကြွလာစဉ် ယခု မင်းဘူးမြို့၏ တောင်ဘက်ရှိ ကေလာသဘတောင်သို့ ကြွတော်မူလာရာ သိကြားမင်းက ရတနာမြကျောက်သလွန်၊ မြသပိတ်တော်နှင့် ရွှေတည်းကျောင်းဆောင်များ ဆက်ကပ်လှူဒါန်းခဲ့သလို ဖြဟ္မာမင်းကလည်း ထီးဖြူမိုး၍ ပူဇော်ခဲ့ကြောင်း သိရသည်။

သိကြားမင်း၏ လှူဒါန်းမှုများကို မြတ်စွာဘုရားရှင်က လက်ခံတော်မူပြီး မြသလွန်ပေါ်တွင် ခေတ္တကျိန်းစက်၍ သာဝတ္ထိပြည်သို့ ပြန်ကြွသောအခါ သိကြားမင်းက ရွှေတည်းကျောင်းဆောင်ကို ဌာပနာပြီး ကိုးတောင်ပြည့် ကျောက်စေတီတည်၍ စေတီတော်၏တောင်ဘက်၌ ကမ္ဗည်းကျောက်စာ စိုက်ထူခဲ့ကြောင်း သိရသည်။ မြတ်စွာဘုရားရှင် ကျိန်းစက်တည်းနေခဲ့သည့်အတွက် ရှင်ပင်စက္ကိန္ဒ ဟု ဘွဲ့အမည် ခေါ်ဆိုခြင်းဖြစ်ကြောင်းလည်း သိရသည်။

ထို့နောက် သာသနာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီးသည် စန္ဒကူးနံ့သာ ကျောင်းတော်ရာသို့ ဖောင်တော်ဖြင့် လာရောက်ဖူးမြော်စဉ် ကေလာသဘတောင်ထိပ် ကိုးတောင်ပြည့်စေတီနေရာမှ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ဖူးမြော်ရသဖြင့် တောင်ထိပ်သို့တက်၍ ရှာဖွေခဲ့ကြောင်း၊ သိကြားမင်း တည်ထားခဲ့သည့် စေတီနှင့် ကမ္ဗည်းကျောက်စာတိုင်ကို တောင်ထိပ်၌ ဖူးတွေ့ရသည့်အတွက် ဝမ်းသာပီတိဖြစ်ကာ စေတီတော်အား ဉာဏ်တော်မြှင့်ခြင်း၊ စိန်ဖူးတော် အသစ်လဲလှယ်ခြင်းတို့ဖြင့် ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြောင်း သိရသည်။

ရှင်ပင်စက္ကိန္ဒ စေတီတော်မြတ်ကြီး၏ ထူးခြားချက်မှာ ရွှေထီးတော်တင်လှူတိုင်း နေပူခြင်းမရှိဘဲ မိုးများ အမြဲ အုံ့ဆိုင်းနေခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် စေတီမြတ်ကြီးသည် ဉာဏ်တော်အမြင့် ၁၀၉ ပေရှိကာ ရင်ပြင်အကျယ်မှာ ပေ ၂၀၀ ပတ်လည်ရှိသည်။ တောင်ထိပ်ပေါ်တွင် မြသလွန်နှင့် သိကြားမင်းပြခန်း၊ ရှင်ပင်စက္ကိန္ဒစေတီတော်သမိုင်းပြခန်း၊ စက်တော်ရာစေတီပြခန်း၊ နဂါးရုံဘုရား၊ စဓမ္မဝ လျောင်းတော်မူဘုရား၊ နှစ်ကျိပ်ရှစ်ဆူဘုရားများရှိကာ အရန်စေတီတော် အဆူ ၂၀ လည်းရှိသည်။

စေတီတော်ကြီးသို့ ဘုရားဖူးများ ဝင်ရောက်ဖူးမြော်ခွင့်ကို ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားခဲ့ရာမှ ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ပြန်လည်ဖူးမြော်ခွင့်ပြုထားပြီဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့် လာရောက်ဖူးမြော်နိုင်ကြပြီဖြစ်ကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။ ။

**ဇေယျာထက်(မင်းဘူး)**

## စက်သုံးဆီဈေးတက်မှုကြောင့် မယ်စဲ့မြို့နယ်၌ရောင်းချသည့် ဈေးကားများ အမြတ်အစွန်းနည်းပါး

**မယ်စဲ့ ဖေဖော်ဝါရီ ၁၄**

ယခုရက်ပိုင်းအတွင်း စက်သုံးဆီဈေးနှုန်း မြင့်တက်နေမှုကြောင့် ကယားပြည်နယ်မြို့တော် လွိုင်ကော်မြို့မှ မယ်စဲ့မြို့နယ်အတွင်း ကျေးရွာများသို့ လှည့်လည်ရောင်းချသည့် ဈေးကားများအနေဖြင့် အမြတ်အစွန်းရရှိမှု နည်းပါးလာကြောင်း ဈေးသည်များထံမှ သိရသည်။

"အရင်တုန်းက ကားကို ကျပ်၂၅၀၀၀ ဖိုးလောက် ဆီဖြည့်ပြီးရင် လွိုင်ကော်ကနေ လမ်းတစ်လျှောက် ရွာတွေကို ရောင်းလာတယ်။ ကားဆီဖိုးနဲ့ စားစရိတ် ဖယ်လိုက်ရင် အမြတ်က ကျပ် ၅၀၀၀၀ ဝန်းကျင်လောက် ကျန်တဲ့အတွက် အဆင်ပြေတယ်။ အခုရက်ပိုင်းမှာတော့ စက်သုံးဆီဈေးတွေက ထက်ဝက်နီးပါးလောက် တက်သွားလို့ ဟင်းသီးဟင်းရွက်များများရောင်းရရင်တော့ တော်သေးတယ်။ အခြားစားသောက်ကုန်တွေကတော့ အမြတ်အစွန်း သိပ်မရှိလို့ တွက်ခြေမကိုက်ဘူး။ ဈေးရောင်းရတာတော့ ပုံမှန် အေးအေးဆေးဆေးပါပဲ"ဟု ဈေးကားဖြင့် လှည့်လည်ရောင်းချနေသည့် ဈေးသည်တစ်ဦးက ပြောသည်။

မယ်စဲ့မြို့၌ ယခင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် နယ်စပ်ဈေးကို သုံးရက်လျှင် တစ်ကြိမ် ဖွင့်လှစ်ရောင်းချခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ဈေးကို ပိတ်ထားရသဖြင့် လွိုင်ကော်မြို့မှ ဈေးကားများဖြင့် နေ့စဉ် လာရောက်ရောင်းချလျက်ရှိရာ တစ်နေရာတည်းတွင် အစုံအလင် ဝယ်ယူနိုင်သဖြင့် ဒေသခံပြည်သူများနှင့် ဝန်ထမ်းများအနေဖြင့် ဈေးကားများမှသာ ဝယ်ယူစားသောက်ကြခြင်းဖြင့် နှစ်ဦးနှစ်ဖက် အဆင်ပြေလျက်ရှိသည်။

မယ်စဲ့မြို့နယ်အတွင်း၌ စားဖိုဆောင်ဟင်းသီးဟင်းရွက်များကို မိသားစု စားသုံးရန်အတွက်သာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားကြရာ ဒေသအတွက် ဟင်းသီးဟင်းရွက် လုံလောက်မှုမရှိခြင်းကြောင့် လွိုင်ကော်မြို့မှလာသည့် ဈေးကားများတွင် ရောင်းချသော ဟင်းသီးဟင်းရွက်များကို ဝယ်ယူစားသုံးရသလို ဈေးကားများတွင် အသားငါး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ပဲပုပ်၊ မုန့်များ၊ အခြား စားသောက်ကုန်များနှင့် ဘုရားပန်းမှအစ စုံလင်စွာပါသဖြင့် မယ်စဲ့မှ ဒေသခံများမှာ ဈေးကားများကိုသာ စောင့်မျှော်ဝယ်ယူနေကြသည်။ မယ်စဲ့မြို့ ပတ်ဝန်းကျင်ဒေသရှိ ကျေးရွာများတွင် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ပါက တောင်သူများ ဝင်ငွေတိုးမည့်အပြင် ဈေးကွက်တွင် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်မည်ဖြစ်ကြောင်း မယ်စဲ့မြို့၌ တာဝန်ကျနေသည့် ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့ နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်း လာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများ ကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- ❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင် သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရ ပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက် ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ရန်ပြေ၊ မာန်ပြေဘုရားကြီးပလ္လင်တော်စတင်တည်ခြင်း မင်္ဂလာအသိပေးနှိုးဆော်လွှာ

ကမ္ဘာ့သာသနာပြု မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်၏ ဦးဆောင်မှုဖြင့် တည်ထားပူဇော်လျက်ရှိသော ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကမ်းနားလမ်း၊ ဇေစေတီအနီး၌ အမြင့်ဉာဏ်တော်(၇၀)ပေရှိ ရန်ပြေမာန်ပြေဘုရားကြီးပလ္လင်တော်ကို ၁၃၈၃ခုနှစ် တပို့တွဲလဆန်း၁၀ရက်၊ (၂၁-၂-၂၀၂၂) တနင်္လာနေ့ နံနက်၉နာရီတွင် စတင်တည်ဆောက်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ပါဝင်လှူဒါန်းထားကြသော အလှူရှင်များ ကုသိုလ်ပွားများ သာဓုခေါ်ဆိုနိုင်ရန် အသိပေးအပ်ပါသည်။

ဆက်လက်ပါဝင်လှူဒါန်းလိုသော အလှူရှင် ဒါယကာ ဒါယိကာမများ အနေဖြင့် ဆရာတော်ကြီးဖုန်း၀၉-၄၄၈၅၄၇၈၈၈သို့ ဆက်သွယ်၍ ပါဝင်လှူဒါန်းကုသိုလ်ယူနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**အဓိဋ္ဌာန်သာသနာပြုအဖွဲ့**
**ဖုန်း-၀၉-၄၄၈၅၄၇၈၈၈**

## သွေးသည် အသက်

## ၂၀-၁-၂၀၂၂ ရက်စွဲပါမြန်မာ့အလင်းသတင်းစာတွင် "သွာနုတ္တသမီးအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း"နှင့် ပတ်သက်၍ တန်ပြန်ကန့်ကွက်ကြေညာချက်

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ကညော့်ကျေးရွာ၊ ရပ်ကွက်(၁၂)၊ အိမ်အမှတ်(၁၁၄)၌ နေထိုင်သူ လယ်သူမကြီး၊ ဦးအောင်ရှိန်၏သမီး ကျမ၏မိတ်ဆွေ ဒေါ်ခင်သိန်းမော် ၁၀/ခဆန(နိုင်) ၀၃၉၉၈၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း တန်ပြန်ကန့်ကွက် ကြေညာပါသည်။

၂၀-၁-၂၀၂၂ ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်သည် ကျွန်မ၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်သိန်းမော်၏ မိခင်ဒေါ်ငွေရှင်၏ ကိုယ်ပိုင် လွတ်လပ်သော စိတ်ထားဖြင့် ကြေညာချက်မဟုတ်ပါ။ ၂၅-၇-၂၀၁၇ ရက်စွဲပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ရွှေသဇင် (စဉ်-၈၇၃၄)၏ နို့တစ်စာ အပြင်၊ အထက်တန်းရှေ့နေဖြစ်သူ ကွန်မဒေါ်ဝါဝါရွှေ (စဉ်-၁၇၄၀၅)မှ ဒေါ်ခင်သိန်းမော်၏ လွှဲအပ်ညွှန်ကြားချက်အရ ပေးပို့သည့် ၅-၁-၂၀၂၂ ရက် နို့တစ်စာပါ အချက်မှန်များနှင့်များစွာဆန့်ကျင်နေပါသဖြင့် ၂၀-၁-၂၀၂၂ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ သွာနုတ္တသမီးအဖြစ်နှင့် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်ကို တန်ပြန်ကန့်ကွက်ပါသည်။

အသက်အိုမင်းပြီးဖြစ်သလို စိတ်ကစဉ့်ကလျားဖြစ်နေသူ မိခင်ကြီး ဒေါ်ငွေရှင်ကိုသားဖြစ်သူ ကိုထွန်းနိုင် (ကြက်မွေးမြူရေး)မှ ပဋိညာဉ် ဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ ချုပ်ကိုင်ချယ်လှယ်ပြီး နို့ဆစ်စာ(၂)စောင်ပါ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို "မေတ္တာစေတနာ"ပါ စာချုပ်ဖြင့် ရယူလိုက်ခြင်းသည် (၂၀၀၈ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်-၁၅) (မန္တလေးရုံးထိုင်) (စုံညီ) ၁၉-၁၂-၂၀၀၈ ဦးရွှေသိန်းပါ (၂)နှင့် ဦးထွန်းထွန်း (၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်အေးအေးမာ)ပါ လမ်းညွှန် ထုံးနှင့် ဆန့်ကျင်နေပါ၍ မေတ္တာစေတနာဖြင့် ရေးချုပ်သည့်စာချုပ်ကို ဖျက်သိမ်းပေးပါရန် အကြောင်းကြားနို့တစ်စာထုတ်မှုကြောင့် ဒေါ်ခင်သိန်း မော်မှာ သွာနုတ္တသမီးဖြစ်ရန် အကြောင်းမရှိသလို အမွေလည်း ကန်းခြင်း မရှိပါ။

ထို့ကြောင့် ၂၀-၁-၂၀၂၂ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်သည် တည်ဆဲဥပဒေများနှင့် ဆန့်ကျင်နေ၍ ပြန်လည်ရုပ်သိမ်းရန် တန်ပြန်ကန့်ကွက်ချက်ဖြင့် ကြေညာပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **(ဒေါ်ခင်သိန်းမော်)** | **ဒေါ်ဝါဝါရွှေ (H.G.P)** |
| | **အထက်တန်းရှေ့နေ** |
| | **စဉ်-၁၇၄၀၅(၁၀-၂-၁၉၈၉)** |
| | **အမှတ်-၃၂(J)၊ အထက(၉)ဝင်း** |
| | **ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့** |

## မြေများဝယ်ယူရန် ဖိတ်ခေါ်ခြင်း

၁။ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် မြေဆိပ်ဖြေဆေးထုတ်လုပ်ရန် အတွက် ရန်ကုန်၊ မန္တလေး၊ ရောဝတီ၊ မကွေး၊ ပဲခူး၊ စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ ဖမ်းဆီးရမိသော မြွေပွေး (၁၂၀၀) ကောင်နှင့် မြွေဟောက် (၄၀၀)ကောင် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူမည့်မြွေများမှာ တစ်ကောင်လျှင် ငါးဆယ်ကျပ်သားနှင့် အထက်ရှိရမည်ဖြစ်ပြီး တန်ဖိုးမှာ (၈၀၀၀)ကျပ်နှုန်းဖြင့် စက်ရုံသို့ အရောက် ပေးပို့ရမည်ဖြစ်ပါသည်။

၃။ ရောင်းချလိုသည့် အရေအတွက်အလိုက် လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူသွားမည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက် သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးစက်ရုံ(အင်းစိန်)**
**ဆေးဝါးစက်ရုံလမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၁-၆၄၆၂၇၃၊ ၆၄၆၂၈၃**



## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဗိုလ်မှူးချုပ် စိုးတင့်(ငြိမ်း)**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၀)၊ သူရတပ်ခွဲ

စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး(ဟောင်း)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စိန်ပန်းမြိုင်ရပ်ကွက်၊ ဇေယျသုခလမ်းသွယ်(၂)၊ အမှတ် (၂၇/၅၄)နေ ဒေါ်စိုးစိုး(ခ)ဒေါ်စန်းမြင့်၏ ခင်ပွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ-ဒေါ်မို့မို့စိုးတို့၏ချစ်လှစွာသောဖခင် ဗိုလ်မှူးချုပ် စိုးတင့်(ငြိမ်း)သည် ၁၃-၂-၂၀၂၂ရက် (စနေနေ့) ည ၈နာရီ ၄၀မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဗိုလ်မှူးချုပ်စိုးတင့်(ငြိမ်း)**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၀)၊

စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး(ဟောင်း)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၂၇/၅၄)၊ ဇေယျသုခလမ်းသွယ်(၂)၊ စိန်ပန်းမြိုင်ရပ်ကွက်နေ (ဦးလှစိုး-ဒေါ်သန်းခင်)တို့၏ သား၊ဒေါ်စိုးစိုး(ခ) ဒေါ်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ချုပ်ညွန့်ဝင်းဆွေ-ဒေါ်မို့မို့စိုး၊ ဦးရဲမြတ်ဟိန်း-ဒေါက်တာအိဖြူမြင့် တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်စိုးသီဟဆွေ၊ မစိုးသီရိဆွေ၊ မသဒ္ဓါမြတ်နိုးတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး ဗိုလ်မှူးချုပ်စိုးတင့်(ငြိမ်း)သည် ၁၃-၂-၂၀၂၂ရက် (စနေနေ့) ည ၈:၄၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၂ ရက် (တနလ်ာနေ့) မွန်းလွဲ ၁:၀၀ နာရီတွင် ၎င်းဆေးရုံရှိ ငြိမ်းအေးဇရပ်တွင် တရားနာယူရေစက်ချအမျှပေးဝေ၍ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ

**ဗိုလ်မှူးကြီးညိန်းမောင် (အငြိမ်းစား)**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၅)အိုင်၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား(၂) ရပ်ကွက်နေ (ဦးမောင်အုပ်-ဒေါ်မြသွယ်)တို့၏သား၊ (ဦးအုန်းလွင်-ဒေါ်မိမိရီ)တို့၏ သားသမက်၊ (ဒေါ်မေမေခင်)၏ ခင်ပွန်း၊ ဦးဇော်မင်းမြင့်-ဒေါ်သင်း၊ ဦးမောင်စ-ဒေါ်နှင်း၊ ဦးတင်မောင်လင်း-ဒေါ်မို့၊ ဦးဇော်မင်း-ဒေါ်ရင်မေဝင်း၊ ဦးဇော်လင်း-ဒေါ်စန္ဒာအောင်တို့၏ ဖခင်၊ ဖြိုးသော်မြင့်၊ အောင်မော်မြင့်-သန္တာထွန်း၊ အေးဇော်မြင့် -နန်းကလျာချော၊ ဟိန်းဇော်မင်း၊ အောင်ဇော်မင်း၊ ဖူးပွင့်ကြည်ဖြူ၊ သန့်ထူးဇော် တို့၏အဘိုး၊ မြစ်သုံးယောက် တို့၏အဘိုး ဦးညိန်းမောင်သည် ၁၃-၂-၂၀၂၂ရက် (စနေနေ့) ည(၉:၅၅)နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ(၄:၀၀)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

**ဦးမြဝင်း(ရတနာရွှေကုန်သည်)(ပခုက္ကူမြို့)**

**အသက်(၉၃)နှစ်**

ပခုက္ကူမြို့နေ(ဦးတင်မောင်-ဒေါ်ခင်နု)တို့၏သား၊ (ဦးတင့်-ဒေါ်အုံးစိန်)တို့၏သားသမက်၊ ဒေါ်ညိုမြ၏ခင်ပွန်း၊ ဆရာကြီး ဦးဝင်းဆွေ-ဒေါ်ခင်သန်းဆွေ၊ ဦးကြည်သိန်း-(ဒေါ်တူးတူးရွှေ)၊ (ဦးသိန်းထွန်း-ဒေါ်ခင်စန်းဝေ)၊ ဒေါက်တာ ခင်မောင်သန့်- ဒေါ်ခင်လှမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးလူအေး- ဒေါ်ခင်လှညွန့်၊ ဦးအောင်ထွေး- ဒေါ်မြင့်မြင့်နွယ်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၃-၂-၂၀၂၂ရက်(စနေနေ့) ည ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၂၂ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ပခုက္ကူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးအောင်ထွန်းဦး (ကိုတူး)**

လက်ထောက်ညွှန်ကြားရေးမှူး

(Ex)အကောက်ခွန်ဦးစီးဌာန

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့နေ (ဦးချစ်ကိုကို-ဒေါ်ဟန်ကြည်)တို့၏သား၊ (ဦးကိုကိုကြီး-ဒေါ်နှင်း)၊ (ဦးအုန်းလှ)-ဒေါ်နီနီစိန်တို့၏ တူ၊ တူမ ၂၉ ယောက်တို့၏ ဦးလေး ဦးအောင်ထွန်းဦးသည် ၁၃-၂-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၁:၁၀ နာရီတွင် အမှတ် ၇၂၉၊ ၅ လွှာ၊ မာလာနွယ်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၂-၂၀၂၂ ရက် (တနလ်ာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကွယ်လွန်သူအား ရည်စူး၍ ၁၉-၂-၂၀၂၂ ရက် (သောကြာနေ့) နံနက် ၁၁ နာရီမှ ၁၂:၃၀ နာရီတွင် ရန်ကုန်မြို့၊ သာဝတ္တိဘုန်းကြီးကျောင်း လက်ဝဲမင်းဒင်လမ်း မေတ္တာညွှန့်ရပ်ကွက်သို့ ရက်လည်ဆွမ်းကပ်လှူဒါန်းမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ငြိမ်းအေး**

(အထပြ ငြိမ်း) ဝဏ္ဏသစ်စက်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်းမကြီး (ဇ/မြောက်)ရပ်ကွက် ငွေတိုက်စိုးခြံ(၁)လမ်းနေ (ဦးမြဒင်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးညွန့်ယဉ်) (လ/ထ မန်နေဂျာသစ်လုပ်ငန်း (ငြိမ်း)၏ဇနီး (ဒုဗိုလ်ညွန့်သူရ)၊ ဦးဌေးလွင်-ဒေါ်သီတာအေး၊ ဒုဗိုလ်မှူးကြီး သက်ဝင်းလှိုင်(ရေ)-ဒေါ်နီလာအေး၊ ဦးဝဏ္ဏထွေး-ဒေါ်ခိုင်မာသန်းတို့၏ ချစ်လှစွာသော မိခင်ကြီး၊ မကူးကူးသံသာချို (3rd MB IM-1)၊ မောင်လမင်းပိုင် (1 st Eng)၊ မောင်ကောင်းသက်လူ (1 st ရေကြောင်းကောလိပ်)၊ မောင်ဝေယံထွဋ်လူ (Grade-10)တို့၏ ဘွားဘွားကြီးသည် ၁၃-၂-၂၀၂၂ရက် (စနေနေ့) နံနက် ၆:၀၀နာရီတွင် ပင်လုံဆေးရုံ၌ ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲပိုင်းတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၁၉-၂-၂၀၂၂ ရက်၊ နံနက် ၇:၀၀ နာရီမှ ၁၀:၀၀ နာရီအတွင်း အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပေးပါရန် ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

**ဦးမြဝင်း(ရတနာရွှေကုန်သည်)(ပခုက္ကူမြို့)**

**အသက်(၉၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးလူအေး- ဒေါ်ခင်လှညွန့်တို့၏ဖခင် ဖြစ်သူ ဦးမြဝင်း(ရတနာရွှေကုန်သည်)သည် ပခုက္ကူမြို့နေအိမ်၌ ၁၃-၂-၂၀၂၂ရက် ည ၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး မိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းကျော်**

AGTI(Civil)1985, ISN

RSE-2419

MD.AKB.Co.,Ltd

**အသက်(၅၇)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆင်ကူးလမ်း၊ အကွက်(၁)နေ (ဦးသာထွန်းအေး-ဒေါ်လှသန္တာ) တို့၏သား၊ (ဦးမောင်ထွန်းစိန်) - ဒေါ်မညိုစိန်တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပဒေသာလမ်း၊ မြေနီကုန်း၊ အမှတ် (၃၄၊ ၅လွှာ)နေ မောင်ရဲမင်းအောင်၊ မောင်အောင်ဘုန်းမြတ်တို့၏ဖခင်၊ ဒေါ်ဆန်းယဉ်နု၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၂-၂၀၂၂ရက် နံနက် ၁၀:၁၀နာရီတွင် အာရှတော် ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၂ရက် (အင်္ဂါနေ့)ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ သီရိရတနာလမ်း၊ အမှတ်(၃၀/ခ) ဟုခေါ်တွင်သော (၁၂ ½ x၅၀)ပေ အကျယ်ရှိ အိမ်ခြံမြေအား ကျွန်ုပ်မိတ်ဆွေ ဦးလွမ်းနောင် ၈/မမန(နိုင်)၂၆၁၈၈၀ မှ လက်ရှိဝယ်ယူပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိထားပြီး အဆိုပါမြေနှင့် အိမ်ကို ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါကြောင်း၊ ကန့်ကွက်မည့်သူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းနှင့်တကွ စရန်ပေးချေထားသူ ဦးလွမ်းနောင်ထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသက်နိုင်ဝင်း(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၃၇၁၄၀)**

**အမှတ် ၇၀၅၊ မာန်ပြေ(၁)လမ်းအရှေ့၊ ၂/တောင် ရပ်ကွက်၊ သာကေတမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း- ၀၉- ၄၅၀၅၈၂၃၂၇၊ ၀၉- ၂၅၃၈၉၇၁၇၅**

---

**သစ်တော**

**နှင့်**

**သစ်ပင်**

**ချစ်ခင်တဲ့**

**လူမျိုး**

**သစ်ပင်ကို**

**နှစ်စဉ်စိုက်**

**ရှေ့တိုက်**

**ကိုစိုး**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးဘယု(B.A)**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ငွေစာရင်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ ၁ လမ်း၊ အမှတ် ၁၄ နေ (ဦးကံကြီး-ဒေါ်နီမ)တို့၏သား၊ (ဦးအံနီ-ဒေါ်စု)တို့၏ သားသမက်၊ ဒေါ်ရှုအီ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ခင်စန်းယု၊ ဦးကျော်ဆွေ-ဒေါ်နှင်းလဲ့ဝေတို့၏ ဖခင်၊ မောင်ဝဏ္ဏအောင်ဟိန်း၊ မောင်ကျော်တေဇ ဟိန်းတို့၏ အဘိုးသည် ၁၄-၂-၂၀၂၂ရက် (တနင်္ဂနွေနေ့)နံနက် ၀၀:၃၄နာရီ တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၂ ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။**(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)**

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါ်နီလာအေး၏ ချစ်လှစွာသော မွေးသမိခင် ဒေါ်ငြိမ်းအေး အသက်(၈၃)နှစ်သည် ၁၃-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

1994-96 UFL

(Japanese)သူငယ်ချင်းများ

---

### အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၅၃၈)(၈-လွှာ)နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မဝတ်ရည်ဖူး ၁၂/သကတ(နိုင်)၁၇၅၄၁၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကွမ်းခြံပိုင်း၊ ကန်သာယာရပ်ကွက်၊ စိတ္တသုခလမ်းနေ ဦးမြင့်မိုး၏သား မောင်နေလင်းထက်(ခ)စိုးမိုး ၁၂/တတန(နိုင်)၂၁၃၉၁၄နှင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မဝတ်ရည်ဖူးတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ ယခုအခါတွင် တစ်ဦးနှင့် တစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိပါ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သည့်အတွက် နှစ်ဦးသဘောဆန္ဒများအရ အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ မောင်နေလင်းထက်(ခ)စိုးမိုးနှင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မဝတ်ရည်ဖူး တို့သည် မည်သည့်အကြောင်းနှင့်မျှ ပတ်သက်ဆက်နွယ်မှု မရှိတော့ပါကြောင်းနှင့် နောက်နောင်တွင်လည်း မောင်နေလင်းထက်(ခ)စိုးမိုး နှင့် ပတ်သက်၍ မည်သည့် ကိစ္စကိုမှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**

**U Zaw Myint (Law Firm)**

**မဝတ်ရည်ဖူး** **ဦးရဲမြင့်အောင် (LL.B)(စဉ်- ၄၁၇၀၃)၊ ဒေါ်တင်ဇာမျိုး(LL.B)(စဉ်- ၄၅၂၆၅)**

**ဦးမျိုးကျော်ကျော်ဦး(LL.B)(စဉ်-၄၈၂၀၀)၊ ဒေါ်သဲသဲဦး(LL.B) (စဉ်- ၄၈၄၇၃)**

**(အထက်တန်းရှေ့နေများ)**

**အခန်း (၃)၊ သုမနလမ်းနှင့် မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၇၃၁၆၇၈၁၅၊ ၀၉- ၄၂၀၀၈၀၅၁၂**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့နယ်၊ အမက(တံခွန်တိုင်)မှ အထွေထွေလုပ်သား ဒေါ်ခင်ခင်ကြူနှင့် ဒေါ်ခင်မာကြူ ၁၃/ကမန(နိုင်) ၀၈၁၉၄၄ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်ခင်ခင်ကြူ

---

### မွေးသက္ကရာဇ်အမှန်

ဟသ်ာတမြို့နယ်၊ သဲဖြူ(ဒူးယား)ကျေးရွာအုပ်စု၊ သဲဖြူကြီးကျေးရွာနေ ဦးမောင်ကျော်၏သမီး နော်ချိုချိုလွင် ၁၄/ဟသတ(နိုင်)၂၂၉၁၄၁၏ မွေးသက္ကရာဇ် အမှန် မှာ ၁၅-၁၂-၁၉၈၀ ဖြစ်ပါကြောင်း။

---

**ဇီဝမျိုးစုံ**

**မျိုးကွဲတွေ**

**ကြွယ်စေဖို့**

**သဘာဝ**

**တောတွေ**

**ထိန်းသိမ်းစို့**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းတံတားဒါယိကာမကြီး

**ဒေါ်ငြိမ်းအေး**

အထပြ (ငြိမ်း)

အထက(၂)တာမွေ၊ အထက(၂) ကြည့်မြင်တိုင်၊ အထက ပြွန်တန်ဆာ၊

အထက သုဝဏ္ဏ၊ အထက(၁) သင်္ဃန်းကျွန်း

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့နေ (ဦးမြဒင်-ဒေါ်လှတင်)တို့၏ သမီး၊ (ဦးစံမြင်-ဒေါ်ခင်ကြည်)၊ (ဒေါ်တင်အေး)၊ ဒေါ်မြခင် (စက်မှု-၁၊ ငြိမ်း)၊ (ဦးလှမြင့်)-ဒေါ်သန်းအေး(စိုက်ပျိုးရေး-ငြိမ်း)၊ ဦးလှဖေ(ပညာရေးမှူး)-ဒေါ်ခင်အေး(အလပြ-ငြိမ်း)၊ ဦးဖြူညွန့်(နယ်စပ်စည်ပင်-ငြိမ်း)-ဒေါ်မာမာကြူ (စာရင်းစစ်ချုပ်ရုံး-ငြိမ်း)တို့၏ အစ်မသည် ၁၃-၂-၂၀၂၂ ရက် (စနေနေ့) နံနက် ၆ နာရီတွင် ပင်လုံဆေးရုံကြီး၌ ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား လေးစားစွာဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးမြောက်ပိုင်း၊ မြေကွက်အမှတ်(၂၃၇/က)၊ မြေကွက်တည်နေရာအမှတ်(၂၃၇/က)၊ မင်းရဲကျော်စွာလမ်း၊ မြေအကျယ်ပေ(၂၀x၆၀)၊ (၀ဒသမ၀၂၈)ကေ ဦးစိုးအောင် အမည်ပေါက် နှစ်(၆၀)ဂရန် မြေ အမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဦးစိုးအောင် ၁၂/တမန(နိုင်) ၀၅၁၈၀၈က ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းရာ ဦးနိုင်ဝင်း ၁၂/သဃက(နိုင်)၀၁၄၄၁၁က အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်တားမြစ်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါခြံမြေ အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်ဝင်း ၁၂/သဃက(နိုင်) ၀၁၄၄၁၁**

**အမှတ်(၁၀၉/က)၊ ပထမထပ်၊ အောင်ရတနာလမ်း၊ ကြီးပွားရေးတောင်ပိုင်း၊**

**သင်္ဃန်းကျွန်းမြို့နယ်၊**

**ဖုန်း-၀၉-၂၅၀၈၅၅၈၈၇**

# ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို ပြန်လည်ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ၏ အထင်ကရ သမိုင်းဝင်စေတီတစ်ဆူဖြစ်သော မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပေါင်းလောင်းတောင်တန်းရှိ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးကို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေတစ်ရပ်ကြောင့် ဘုရားဖူး ပြည်သူများအား ယာယီဖူးမြော်ခွင့်ပိတ်ထားရာမှ ယခုအခါ ပြန်လည် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ထံမှ သိရသည်။

### ပြန်လည်ဖွင့်လှစ်ထား

"ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကြီးကို ပြန်လည်ဖွင့်လှစ်ထားပါပြီ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၈ ရက် ကတည်းကပါ။ မဖွင့်ခင်ကတည်းက ကျွန်တော်တို့ အနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ လာရောက် ဖူးမြော်မယ့် ဘုရားဖူးပြည်သူတွေအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနဲ့အညီ အားလုံးဆောင်ရွက် နိုင်အောင် စီစဉ်ထားပါတယ်" ဟု ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ခေါင်းဆောင် ဦးစိုးလှိုင် က ပြောသည်။

### တစ်နှစ်နီးပါး ကြာမြင့်ခဲ့

စေတီတော်ကြီးအား ဖူးမြော်ခွင့်ကို ၂၀၂၀ ပြည့်နှစ် မတ် ၂၁ ရက်မှ စတင်ကာ ဘုရားဖူးပြည်သူများအား ဖူးမြော်ခွင့် ယာယီပိတ်ထားခဲ့ရာမှ ယခုစတင်ပြန်လည်ဖွင့်ချိန်တွင် တစ်နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သည်။ ပြန်လည် ဖွင့်လှစ်ရာတွင် လာရောက်ဖူးမြော်သူအများစုမှာ ခရီးဝေးမှ ဖြစ်ခြင်းကြောင့် ယခုရက်ပိုင်းတွင် ဘုရားဖူးပြည်သူ တစ်ရက် ၅၀၀ ကန့်သတ်ခွင့်ပြုပြီး လောလောဆယ်ကာလတွင် ဒေသခံပြည်သူအများစုသာ လာရောက်ဖူးမြော် လျက်ရှိသည်။

ဆံတော်ရှင် စေတီတော်ကြီးအား ကိုဗစ်-၁၉ ရောဂါ ကာလမတိုင်မီတွင် ပြည်တွင်း၊ ပြည်ပမှ နေ့စဉ်လာရောက် ဖူးမြော်သူ ရှစ်ထောင်မှ တစ်သောင်း ဝန်းကျင်ကြားရှိပြီး နှစ်စဉ် ဒီဇင်ဘာလ၊ ဇန်နဝါရီလများနှင့် ပွဲတော်ကာလ များ၌ *စာမျက်နှာ ၈ ကော်လံ ၁* ❍



ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်ဘီ

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) တွင် အင်္ဂလိပ်ဘာသာဖြင့် သတင်းအစီအစဉ် ထည့်သွင်းထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်း အမှတ်အဖြစ် မြန်မာ့ရုပ်မြင်သံကြား (MRTV) အစီအစဉ်တွင် အင်္ဂလိပ် ဘာသာဖြင့် သတင်းအစီအစဉ် (National News)ကို ထည့်သွင်း ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ National News သတင်း အစီအစဉ်တွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်း စုစုပေါင်း မိနစ် ၃၀ ခန့် ထုတ်လွှင့်သွားမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုအထိမ်း




အမှတ်နေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်မိတ်ဆက်ကာ ဖေဖော်ဝါရီ ၁၆ ရက် ၁ နာရီခွဲတွင် မွန်းလွဲ စတင်ထည့်သွင်း ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄ -၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၃-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၇၀၂) ခုအား စစ်ဆေး ပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၇၅,၉၁၀) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၆၀၁) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၂၈) ဦး ဖြစ်သဖြင့် ယနေ့ အထိ စုစုပေါင်း (၁၃၀,၃၃၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၈၉) ဦး ရှိပါသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❋

## ဝက်စ်ဘရွန်းကို အဝေးကွင်း၌ မန်ယူတို့ တစ်ဂိုးစီသရေကျ ဇယားထိပ်၌ ဦးဆောင်နေသည့် မန်စီးတီးအသင်းနှင့် အမှတ်ကွာဟမှုများ

ဝက်စ်ဘရွန်းအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းက ဝက်စ်ဘရွန်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် ဝက်စ်ဘရွန်းအသင်းအနေ ဖြင့် မန်ယူအသင်းကို အနိုင်ရရှိရန် ကြိုးစားလာခဲ့ပြီး ပွဲအစ နှစ်မိနစ်မှာပင် ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို ဂယ်လာဂါ၏ ဖန်တီးပေးမှုတစ်ဆင့် အမ်ယာရီ ဒီယာနီက သွင်းယူပေးနိုင်ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက် ရပြီးနောက်ပိုင်း မန်ယူအသင်းအနေဖြင့် ဝက်စ်ဘရွန်းအသင်းအပေါ် သိသိသာသာ ဖိအားပေးကစားနိုင်ခဲ့သည်။ မန်ယူအသင်းသည် ပထမပိုင်း ပွဲချိန်အတွင်း ဘောလုံးပိုင်ဆိုင်မှုအပိုင်း အသာစီးရယူနိုင်ခဲ့သော်လည်း လိုအပ်နေသည့် ချေပဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ သို့သော်လည်း ပထမပိုင်းပွဲ ကစားချိန်ပြီးခါနီးတွင် မန်ယူအသင်းချေပဂိုးရရှိခဲ့ပြီး လုခ်ရှော၏ ဖန်တီးပေး မှုမှတစ်ဆင့် ဖာနန်ဒက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ဖာနန်ဒက်စ်သည် ယခုနှစ် ရာသီ ပရီမီယာလိဂ်၌ မန်ယူအသင်းအတွက် ၂၄ ပွဲတွင် ၁၄ ဂိုးအထိ သွင်းယူပေးထားနိုင်ပြီဖြစ်ကာ ဂိုးရရှိအောင်လည်း သုံးကြိမ် ဖန်တီးပေးထား နိုင်သည်။ မန်ယူအသင်းသည် ပထမပိုင်းပွဲချိန်အတွင်း ဂိုးပေါက်ကန်သွင်းမှု နှစ်ကြိမ်သာရရှိခဲ့ပြီး ဝက်စ်ဘရွန်းအသင်းက သုံးကြိမ်အထိ ရရှိခဲ့သည်။

ဒုတိယပိုင်းတွင် မန်ယူအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူနိုင် ခဲ့သော်လည်း ပွဲကစားချိန် ၅၃ မိနစ်တွင် ဝက်စ်ဘရွန်းအသင်းမှ ပါရဲရား၏ ကန်သွင်းချက် ဂိုးပေါက် လွဲချော်ခဲ့သည့်အတွက် မန်ယူအသင်းသက်သာ ရာရခဲ့သည်။ ယနေ့ပွဲတွင် ဝက်စ်ဘရွန်းအသင်း၏ အသင်းလိုက်စွမ်းဆောင်ရည် ကောင်းမွန်ခဲ့သည့်အတွက် မန်ယူအသင်း ဦးဆောင်ဂိုးရရှိရန် ရုန်းကန်ခဲ့ရ သည်။ ပွဲကစားချိန် ၅၇ မိနစ်တွင်လည်း မန်ယူအသင်းမှ ဖာနန်ဒက်ဇ်၏ ကန်သွင်းချက်ကို ဝက်စ်ဘရွန်းအသင်း ဂိုးသမား ကာကွယ်နိုင်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ဝက်စ်ဘရွန်းအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုကလည်း မန်ယူအသင်း နောက်တန်းနှင့် ဂိုးသမား ဒီဂီယာတို့ကို အခက်တွေ့စေခဲ့သည်။ ပွဲကစားချိန် ၈၅ မိနစ်အရောက်တွင် မန်ယူအသင်း အလွတ်တည်ကန်ဘော ရရှိခဲ့သော်လည်း ဖာနန်ဒက်ဇ်အသုံးမချနိုင်ခဲ့ပေ။ ထို့နောက် ပွဲချိန်ပြီးဆုံး သည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲအပြီး တစ်ဖက်တစ်ဂိုးစီဖြင့်သာ အဆုံးသတ်ခဲ့သည်။

ဝက်စ်ဘရွန်းအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ဘန်လေအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မန်ယူအသင်းက လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ယူရိုပါလိဂ် ပြိုင်ပွဲ၌ ရီးရဲဆိုစီဒက်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **အောင်ဇော်**

## ပြည်သူ့အကျိုးစီးပွား ဦးတည်ထား၊ နိုင်ငံ့ဝန်ထမ်းများ

စာ » ၆

• • • • • • • • • • • • • • •

## ကမ္ဘာတစ်ဝန်း ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှုတွေ ကျဆင်းလာပြီ

စာ » ၁၄